ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၇၆)

နေ့စွဲ – ၁. ၅. ၂၀၁၁

## ခရစ်တော်၏ဝေဒနာခံစားရသောဘဝ

(Christ's Life of Suffering)

ခရစ်တော်၏ဝေဒနာခံစားရသောဘဝသည် သူ၏နိမ့်ကျခြင်းအခြေအနေတွင် ဒုတိယခြေလှမ်းဖြစ်ပါသည်။ ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်သည် သူ၏လူသားဇာတိခံယူစဉ်ဘဝတလျှောက်တွင် မျိုးစုံသောဒုက္ခများကို ခံစားတော်မူခဲ့ပါသည်။ ထို့ကြောင့် သူ့ဘဝကို ဝေဒနာခံစားရခြင်းမှလွဲ၍ ဘာမှမရှိသောဘဝဟုပင် ခေါ်၍ရနိုင်ပါမည်။ သူ့ဘဝကို "သူသည် ဝေဒနာများကိုခံစားတော်မူသည်"ဟုပြောယုံမှတပါး၊ အခြားသင့်တော်သောစကားလုံး ရှိမည် မထင်ပါ။

သူသည် အလွန်ဆင်းရဲလှသဖြင့်၊ သူ့နောက်လိုက်ချင်ပါသည်ဆိုသော လူငယ်တဦးကို "မြေခွေးတို့တွင် အောင်းစရာ တွင်းများရှိသည်၊ ငှက်များတွင် အသိုက်များရှိကြသည်။ သို့သော် လူသားတော်တွင် မည်သည့်နေရာ ခေါင်းချရမည် မသိပါ"ဟု ပြောခဲ့ပါသည် (မဿဲ ၈း၂၀)။ ဘဝနောက်ဆုံးချိန်တွင်လည်း လူဆိုးတို့က သူ့၌ရှိသော အနည်းငယ်ပိုင်ဆိုင်ရသည်ကလေးကိုပင် ချွတ်ယူကြပြန်ပါသည်၊ သူ့ဝတ်ရုံများကို ကြွေအံပစ်လျှက် ခွဲဝေလုယူကြပါသည်။

သူသည် "အထင်သေးခံရသူ၊ အပယ်ခံဖြစ်ပါသည်" (ဟေရှာ ၅၃း၃)။ "အကြောင်းမရှိ အမုန်းခံရသူလည်းဖြစ်ပါသည်" (ယော ၁၅း၂၅)၊ သူညီအကိုမောင်နှမများရှေ့တွင် သူစိမ်းဖြစ်ရပါသည် (ဆာလံ ၆၉း၈)။ အပြစ်သားများ၏ ဆန့်ကျင်ခံရသူဖြစ်သည် (ဟေဗြဲ ၁၂း၃)။ မိမိလူများ၏ အနှင်ထုတ်ခံ ဖြစ်သည် (ယော ၁း၁၁)။ သူ့တပည့်များ၏ အစွန့်ပစ်ခံ၊ အငြင်းပယ်ခံ ဖြစ်ပါသည် (မဿဲ ၂၆း၅၆၊ ၇၄)။ ရာဇဝတ်သားများနှင့်အတူ ဒဏ်ပေးခံရသူဖြစ်ပါသည် (ဟေရှာ ၅၃း၁၂)။

အပြစ်သားများနှင့်အကျင့်ပျက်သူများ၏ သူငယ်ချင်းဟု အစွပ်စွဲခံရသည်၊ ဘုရားကိုစော်ကားသူဟု စွပ်စွဲခံရသည်၊ စာတန်နှင့်တကိုဏ်းတည်းဟု အပြောခံရပါသည်၊ ထို့အပြင် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သူဟု ပုဒ်မ အတပ်ခံရပါသည် (ယော ၁၁း၄၇–၅၀)။ သူသည်ဘုရင်ဖြစ်သည်ဟု ကြေညာခြင်းကို အထင်သေးကြလျှက်၊ သူ့အစား စီဇာကေရာဇ်သာဘုရင်ဟု ရွေးချယ်ကြသည်။ လူထုကြီးက ဆိုးညစ်လှသော ရာဇဝတ်သား ဗာရဗ ဆိုသူကို သူ့ထက်ပို၍ သဘောကျကြပါသည်။ အကြိမ်အမြောက်အများ သူ၏လူမျိုးဖြစ်သော ဂျူးတို့က သူ့ကိုသတ်ရန် ကြံစည်ကြသည်။

အဆုံးသတ်ချိန်တွင် သူ့မျက်နှာကို တံတွေးနှင့်ထွေးကြသည်၊ မျက်နှာကိုဖြတ်ရိုက်သည်၊ လှောင်ကြသည်၊ ပြောင်ကြသည်၊ ကြာပွတ်နှင့်ရိုက်ကြသည်၊ ထို့နောက် လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားကြသည်။ သူမည်မျှခံစားရပါသနည်း!

ထိုသို့ခံစားရခြင်းအားလုံးတို့တွင် အရှက်ရခြင်း၊ အနှိမ်ခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ နာကျင်နေခြင်းတို့သည် အခံရဆုံးအရာများ မဟုတ်ကြသေးပါ၊ အမှန်ပြောရလျှင် ကျွန်တော်တို့၏အပြစ်များအတွက် ဘုရားသခင့်အမျက်ဒေါသကို ခံရခြင်းသည် အဆိုးဆုံးခံရခြင်းဖြစ်ပါသည်။ ထိုအချက်ကို ဘုရားသခင့်နှုတ်ကပတ်တော်က ဟေရှာ ၅၃း၃–၆ တွင် ပြောပြပါသည်။

ခရစ်တော် အထင်သေးခံရချိန်၊ အပြစ်ပယ်ခံရချိန်၊ ပူဆွေးသောကရောက်ခြင်းနှင့်အင်မတန်ရင်းနှီးနေရချိန်တွင်၊ ကျွန်တော်တို့ လူသားများကသာ သူ့ကို အထင်းမကြီးကြသည်မဟုတ်ပါ၊ ဘုရားသခင်ကိုယ်တိုင်က သူ့ကို ရိုက်နှက်နေခြင်း၊ နှိပ်စက်နေခြင်းဖြစ်ပါသည် (၄)။ ထို့ကြောင့် သူ၏ဝေဒနာခံစားရခြင်းအားလုံးတွင် သူသည် ကျွန်တော်တို့၏ဖေါက်ဖျက်လွန်ကျူးခြင်းများအတွက် နာကျင်နေရခြင်းဖြစ်သည်၊ ကျွန်တော်တို့၏ အပြစ်ဒုစရိုက်များအတွက် ကြေမွအောင် ရိုက်နှက်ခံနေရခြင်းဖြစ်သည်။ သူ၏ဝေဒနာခံစားခြင်းများအားလုံးတွင် ဘုရားသခင်သည် ကျွန်တော်တို့၏ အပြစ်ဒုစရိုက်အားလုံးကို ထားတော်မူပါသည်။ ထို့ရှုထောင့်မှနေ၍ကြည့်လျှင် သူခံရသောဝေဒနာများနှင့်တူညီစွာ ခံစားရသူတဦးမှမရှိပါဟု တွေ့ရမည်ဖြစ်သည် (ယေမြည် ၁း၁၂)။

ထိုသို့ခံစားခြင်းသည် ကျွန်တော်တို့ကယ်တင်ခြင်းခံရရန် မရှိမဖြစ်လိုအပ်ပါသည်။ ကျွန်တော်တို့အပြစ်များအတွက် ခံရမည့်ပြစ်ဒဏ်များအတွက် သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ် အသေခံပေးဖို့လိုအပ်ပါသည်၊ သို့သော်

ကျွန်တော်တို့၏ဘဝများကိုယ်၌က အပြစ်ထဲတွင် တသက်လုံးနေကြသည်ဖြစ်သဖြင့်၊ သခင်ခရစ်တော်သည် သူ့ဘဝ တခုလုံး ကျွန်တော်တို့အတွက် ဝေဒနာများကို ခံတော်မူရခြင်းဖြစ်ပါသည်။ ထိုသို့ဝေဒနာခံစားရခြင်းအားလုံးတွင် အပြစ်ကင်းမဲ့စွာ နာခံခဲ့သဖြင့်၊ သူသည် အစားထိုးပေးခြင်းကို ဖြစ်စေတော်မူပါသည်၊ ဘုရားသခင်၏ ခန်းနားကြီး ကျယ်ခြင်းကို ကျွန်တော်တို့က ပေးဆပ်ရမည့် ကြီးမားများပြားလှသောအပြစ်ကြွေးများကို သူက ပေးပေးပါသည်။ ထို အကြောင်းကို သခင်ခရစ်တော်ကိုယ်တိုင်က ဆာလံ ၆၉း၄ တွင် ပြောခဲ့ပါသည် “ထုိအခါမွ အကၽြႏ္ုပ္သည္ မယူေသာဥ စၥာ ကိုပင္ ျပန္ေပးရပါ၏။”

ဟေဗြဲ ၅း၇–၉ က ခြုံငုံ၍ ဤသို့ပြောပါသည် “အသွေးအသားနှင့် ရှိခဲ့စဉ်နေ့ရက်များ၌၊ သူသည် မိမိအား သေခြင်းမှ ကယ်တင်နိုင်သူထံ၊ ပြင်းထန်သောအော်ဟစ်ခြင်း၊ မျက်ရည်ကျခြင်းတို့ဖြင့် ဆုတောင်းခြင်းများ၊ အသနား ခံခြင်းများကို ပြုသောအခါ၊ ကြောက်ရွံ့နေရချိန်အတွင်းတွင် နားညောင်းတော်မူပါသည်။ သူသည် သားဖြစ်သော် လည်း၊ မိမိ၏ဝေဒနာခံစားခြင်းများမှနေ၍ နာခံခြင်းကို သင်ယူခဲ့ပါသည်။ ထိုသို့ပြည့်စုံခြင်းအဖြစ်သို့ရောက်သဖြင့်၊ သူသည် သူ့အားနာခံသူတိုင်း၏ ထာဝရကယ်တင်ခြင်းကို ပြုလုပ်ပေးသူ ဖြစ်လာပါသည်။”

## ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း

(Christ's Death on the Cross)

ခရစ်တော်၏နိမ့်ကျခြင်းအခြေအနေတွင် တတိယခြေလှမ်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်း ဖြစ်ပါသည်။ သခင်ယေရှု၏လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း၊ အသွေးတော် သွန်းလောင်းခြင်းတို့သည် သတင်း ကောင်း၏ နှလုံးသားနှင့်သမိုင်း၏ အဓိကအကျဆုံးအပိုင်းဖြစ်သည်။ ထိုအကြောင်းကို ပေါလုက ၁ကော ၂း၂ တွင် ညွှန်ပြပါသည်၊ “အကၽြႏ္ုပ္မူကား၊ ေယ႐ႈခရစ္တည္းဟူေသာ လက္ဝါးကပ္တိုင္မွသာ အေသခံေတာ္မူေသာသခင္မွတပါး၊ အဘယ္အရာကိုမွ် သင္တို႔တြင္ ငါမသိမမွတ္ဘဲ ငါ့စိတ္ ျပဌာန္းျခင္းရွိ၏။” ဂလာတိ ၆း၁၄ တွင်လည်း ထပ်ပြောပါသည်၊ “ငါမူကား၊ ငါတို႔သခင္ေယ႐ႈခရစ္၏ လက္ဝါးကပ္တိုင္ေတာ္မွတပါး အဘယ္အရာ၌မွ ဝါ႔ကြားျခင္းမရွိပါမွ ေစေသာ္။ ထိုလက္ဝါးကပ္တိုင္ေတာ္အားျဖင့္ ေလာကသည္ ငါ့အဘို႔ ရွိုကြ်တ္ျခင္းကိုခံလ်က္ရွိ၏။ ငါသည္လည္း ေလာကအဘို႔ ရွိုကြ်တ္ျခင္းကိုခံလ်က္ရွိ၏။”

လက်ဝါးကပ်တိုင်၌ အကြောင်းအရာအတော်များများရှိနေပါသည်။ ၎င်းသည် ဤကမ္ဘာလောကကြီး အပြစ် စီရင်ခံရခြင်းဖြစ်သည်၊ သခင်ယေရှုကိုယ်တိုင်က ယော ၁၂း၃၁ တွင်ပြောထားသည်။ လက်ဝါးကပ်တိုင်ပေါ်ခံရချိန်၊ တလောကလုံးအမှောင်ထုကျရောက်ခြင်း၊ ငလျှင်လှုပ်ခြင်း၊ ဗိမ္ဗာန်တော်ကုလားကာ နှစ်ခြမ်းကွဲခြင်း စသည်တို့က လည်း ပြောနေပါသည်။ လက်ဝါးကပ်တိုင်တွင် ဘုရားသခင်၏တရားစီရင်ခြင်းသည် ရှင်းလွန်းစွာပေါ်ပြနေသဖြင့် ထိုနေရာမှ အိမ်ပြန်ကြသူအားလုံး သူတို့ရင်ပတ်များကို ဖိလျှက် ဘုရားတကာ ပြန်ကြရပါသည် (လုကာ ၂၃း၄၈)။

လက်ဝါးကပ်တိုင်သည် ယနေ့တိုင်အောင် မယုံကြည်သောသူတို့အတွက် ခလုတ်တိုက်လဲစရာကျောက်တုံး၊ စိတ်အနှောင့်အယှက်ပေးသောကျောက် ဖြစ်နေဆဲဖြစ်ပါသည်။ လက်ဝါးကပ်တိုင်တွင် သခင်ခရစ်တော်ကို အရေး ကြီးဆုံးသော အခြေခံအုတ်မြစ်အဖြစ်နှင့်သာ ချမှတ်ခြင်းမဟုတ်ပါ၊ ခလုတ်တိုက်လဲစရာကျောက်တုံးအဖြစ်လဲ ချမှတ် ထားပါသည် (၁ပေ ၂း၆–၈)။

ထို့ကြောင့် မယုံကြည်ခြင်းနှင့်ယုံကြည်ခြင်းကို၊ ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်းကို ခြားနားစေသောအရာ သည် လက်ဝါးကပ်တိုင်ဖြစ်ပါသည်။ လူတယောက်ကယုံကြည်သည်၊ သို့သော် နောက်တယောက်ကမယုံကြည် ထိုသို့ ဖြစ်ရခြင်းအကြောင်းသည် လူ့သားထံ၌ မတည်ပါ၊ သို့သော် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်၌သာ တည်ပါသည်၊ သခင်ခရစ်တော်အားဖြင့် ဖွင့်ပြနေသော ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်၌သာတည်ပါသည်ဟု လက်ဝါးကပ်တိုင် က ရှင်းလင်းစွာ ပြသနေပါသည်။

လက်ဝါးကပ်တိုင်၏အသွေးတော်သည် ကောင်းကင်၌ရှိသည်များနှင့် မြေကြီး၌ရှိသည်များကို ပြန်လည်သင့် မြတ်စေခြင်းဖြစ်ပါသည် (ကော ၁း၂၀)၊ အဓိကအားဖြင့် လက်ဝါးကပ်တိုင်သည် ဘုရားသခင်နှင့် ကျွန်တော်တို့ကို ပြန်လည်သင့်မြတ်စေခြင်းဖြစ်ပါသည်၊ ကျွန်တော်တို့အပြစ်များအတွက် ပေးဆပ်ခြင်း၊ အပြစ်ဖြေခြင်း၊ ကယ်လွှတ်ခြင်း တို့ဖြစ်ပါသည် (ကော ၁း၂၁–၂၂)။ လက်ဝါးကပ်တိုင်တွင် ခရစ်တော်၏ ဝေဒနာခံစားခြင်းများနှင့် အနှိမ်ခံရခြင်းတို့ သည် အထွဋ်အထိပ်သို့ ရောက်ရှိပါသည်။ အထူးသဖြင့် အမှောင်ထုကြီးကျရောက်ချိန် သုံးနာရီအတွင်းဖြစ်သည်။ ထိုအချိန်အတောအတွင်း သူသည် ကျွန်တော်တို့၏အပြစ်များကို ထမ်းလျှက် ဘုရားသခင်ကို တရားသူကြီး/တရားစီ ရင်မည့်သူအဖြစ် သွားတွေ့ပါသည်။ ထိုတိုတောင်းလှသောအချိန်အတွင်း ဖြစ်ပျက်သွားသောအရာများသည် ကျွန် တော်တို့၏နားလည်သဘောပေါက်နိုင်စွမ်းကို အတော်ကြီးကျော်လွန်သွားပါသည်။

ထိုအမှောင်ထုကြီးအလယ်မှနေ၍ စကားစုအနည်းငယ်သာ ကျွန်တော်တို့ထံ တက်လာပါသည်၊ “အကျွန်ုပ် ၏ဘုရား၊ အကျွန်ုပ်၏ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း?” ထိုအချိန်အတောအတွင်းတွင် ခရစ်တော်သည် ခမည်းတော်၏စွန့်ပစ်ခြင်းကို ခံရပါသည်၊ ထိုသို့ ကျွန်တော်တို့အပြစ်ကြောင့် ခံရရန်ထိုက်တန်သော ဒဏ်ကို ခံတော်မူပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ လက်ခံခြင်းကို ပြန်ရနိုင်ကြရန် သူသည် စွန့်ပစ်ခြင်းကို ခံတော်မူပါသည်။ ကျွန်တော်တို့အပြစ်ကြောင့် ထွက်သမျှသော ဘုရားသခင်၏အမျက်ဒေါသများအားလုံးကို ထိုသို့ ခံ ပေးပါသည်။ သူသည် ကျွန်တော်တို့ကို ထိုအမျက်ဒေါသမှနေ၍ ကယ်လွှတ်သဖြင့် ကျွန်တော်တို့သည် ထိုမှောင်မိုက် နေသော သုံးနာရီအချိန်အတွင်း ဖြစ်ပျက်သည်များကို ဘယ်တော့မှမခံစားကြရတော့ပါ၊ ထို့ကြောင့် သူသည် ကျွန် တော်တို့ကိုယ်စား ဘုရားသခင်ကို ဒေါသထွက်နေသော၊ မည်သို့မျှမကျေချမ်းနိုင်သော တရားသူကြီးအဖြစ် မျက်နှာ ချင်းဆိုင် တွေ့ပေးခြင်းဖြစ်ပါသည်။

နောက်ဆုံးအနေနှင့်၊ လက်ဝါးကပ်တိုင်ပေါ် အသေခံသော သခင်ယေရှုခရစ်တော်၏ သေခြင်းသည် ကျွန် တော်တို့သန့်ရှင်းစင်ကြယ်ရခြင်း၏ဇစ်မြစ်ဖြစ်ပါသည်။ ရှင်ပေါလုက ဂလာ ၆း၁၄ တွင်ပြောသလိုဖြစ်သည် “ထုိလကၠ ဝမ္းကပ္တုိင္ေတာ္မသာ ေလာကသည္ ငါ့အတြက္ ကားတုိင္ေပၚ၌ အေသခံလ်က္႐ွိသ၏။ ငါသည္လည္း ေလာကအတြက္ ကားတုိင္ေပၚ၌ အေသခံ လ်က္႐ွိသ၏။” ထိုအတွက်ကြောင့် ကျွန်တော်တို့သည် နှိပ်စက်မှုများကို ခံကြခြင်းဖြစ်သည် (ဂလာ ၆း၁၂)၊ လက်ဝါးကပ် တိုင်သည် ခရစ်တော်အတွက် မိမိအလိုကိုငြင်းပယ်ခြင်း၏ သင်္ကေတဖြစ်ပါသည် (မဿဲ ၁၀း၃၈)။ ၎င်းသည် ကျွန် တော်တို့ ယခုဘဝ၌၎င်း၊ လာမည့်ဘဝ၌၎င်း ခံစားကြရသည့် ကောင်းချီးမင်္ဂလာအားလုံးတို့၏ ဇစ်မြစ်လည်းဖြစ်ပါ သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ခရစ်တော်နှင့်လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းအကြောင်းကိုသာ သိကြရန် ပြင်ဆင်ကြပါမည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## နှိမ့်ချသောသူတို့၏ ချီးမြှောက်ခံရခြင်းအကြောင်း

## The Exaltation of the Humble

(၇)ထိုအခါခေါ်ဘိတ်သောသူတို့သည်မြင့်မြတ်သောနေရာထိုင်ရာကို ရွေးကြသည်ကိုမြင်တော်မူလျှင်၊ သူတို့ အားဥပမာကိုမိန့်တော်မူသည်ကား၊–(၈)“သူတပါးသည်မင်္ဂလာဆောင်ပွဲသို့သင့်ကိုခေါ်ဘိတ်သောအခါ၊ မြင့်မြတ်သော နေရာ၌မလျောင်းနှင့်။ ထိုသို့လျောင်းလျှင် သင့်ထက်သာ၍မြတ်သောသူသည်ပွဲသို့လာသည်ရှိသော်၊–(၉) သင်တို့နှစ် ယောက်ကိုခေါ်ဖိတ်သောသူက၊ “ဤသူအားနေရာကိုပေးလော့”ဟု လာ၍ပြောလိမ့်မည်။ ထိုအခါသင်သည် ရှက် ကြောက်ခြင်းနှင့် နိမ့်သောနေရာသို့ဆင်းရလိမ့်မည်။–(၁၀) သူတပါးတို့သည်သင့်ကိုခေါ်ဘိတ်သောအခါ၊ သွား၍နိမ့် သောနေရာ၌လျောင်းလော့။ ထိုသို့လျောင်းလျှင် သင့်ကိုခေါ်ဘိတ်သောသူ လာသည်ရှိသော်၊ “အဆွေတက်ပါ”ဟု သင့်ကိုဆိုလိမ့်မည်။ ထိုအခါ သင်နှင့်အတူလျောင်းသောသူတို့ရှေ့မှာ သင်၏အသရေထင်ရှားလိမ့်မည်။–(၁၁) ကိုယ် ကိုကိုယ်ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ရောက်လတံ့။ ကိုယ်ကိုကိုယ်နှိမ့်ချသောသူမည်သည်ကား ချီး မြှောက်ခြင်းသို့ရောက်လတံ့”ဟုမိန့်တော်မူ၏။ (ရှင်လုကာခရစ်ဝင် ၁၄း၇–၁၁)

မိတ်ဆက်စကား

သခင်ယေရှု၏‘ပီရီးယားနယ်’သာသနာပြုခရီးစဉ်အတွင်းတွင် မကြာခဏကြုံတွေ့ရလေ့ရှိသည့်အတိုင်း၊ ယ ခုတခါတွင်လည်း ဖါရိရှဲတဦး၏စားသောက်ပွဲတခုသို့တက်ရောက်ရန်ဖိတ်ကြားခြင်းခံရပြန်၏။ စားသောက်ပွဲသည် ဥ ပုသ်နေ့တနေ့တွင်ပြုလုပ်ခြင်းဖြစ်ပြီး၊ သခင်ယေရှုက ဖေါယောင်နာစွဲကပ်နေသောသူတယောက်ကို ကုသပေးလိုက် ပြန်၏။ ထိုသို့ကုသပေးခြင်းအပေါ် စားသောက်ပွဲလာဧည့်ပရိသတ်များ၏ အလိုမကျမှုသည်ထင်ရှားလှ၏၊ ထို့ကြောင့် သခင်ယေရှုက ထိုအဖြစ်အပျက်ကိုအသုံးပြု၍ စစ်မှန်သောဥပုသ်နေ့စောင့်ထိန်းပုံနည်းလမ်းတချို့ကို သင်ကြားပေး လိုက်၏။

ကျွန်တော်တို့ယခုလေ့လာကြမည့်ပုံဥပမာကိုလည်း ထိုစားသောက်ပွဲလာဧည့်သည်တော်များ စားသောက်နေ ကြစဉ်တွင်သွန်သင်ပေးလိုက်ခြင်းဖြစ်ပေသည်။ ဤပုံဥပမာသင်ကြားပေးရခြင်းအကြောင်းမှာ စားသောက်ပွဲလာဧည့် သည်အချို့သည် အထူးဧည့်သည်တော်နေရာကိုလုနေကြကြောင်းကို သခင်ဘုရားကတွေ့မြင်သွားသောကြောင့်ဖြစ် ၏။ သူတို့အချင်းချင်းအပြိုင်အဆိုင်လုယက်နေခဲ့ကြသည်။ လူတိုင်းကထိုအထူးနေရာနှင့်ထိုက်တန်သည်ဟုသူတို့ကိုယ် ကိုထင်မြင်နေကြပြီး၊ သူတို့၏ ဂုဏ်ပုဒ်များကိုလူတကာသိအောင်ထုတ်ကြွားနေကြ၏။

ယနေ့ခေတ်ကျွန်တော်တို့၏ပုံမှန်စားသောက်ချိန်များသည်ထိုမျှလောက်အရေးမကြီးတော့ပါ။ သို့သော်လည်း အကယ်၍ အစဉ်အလာအတိုင်းလုပ်ဆောင်သော၊ ကြီးမားသော၊ စားသောက်ပွဲဖြစ်ပြီး၊ ဂုဏ်အသရေရှိပုဂ္ဂိုလ်များကို လည်းဖိတ်ကြားထားခဲ့ပါလျှင်၊ သို့မဟုတ် ဖိတ်ကြားသူအိမ်ရှင်ကိုယ်တိုင်က ဂုဏ်အသရေရှိပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပါလျှင် ထို ပုဂ္ဂိုလ်ကြီးများနှင့်နီးနီးကပ်ကပ်ထိုင်နိုင်လေလေ ပို၍အရေးပါသောသူဖြစ်လေလေဖြစ်၏။ ဤသို့သောအကြောင်း ကြောင်းခံယူချက်သည် သခင်ဘုရားပြောပြနေသောပုံဥပမာထဲတွင်လည်းပါဝင်နေ၏။

အဓိကအချက်ကို အပိုဒ်(၇)တွင်ရှင်းလင်းစွာပြောပြထားပြီးဖြစ်သော်လည်း၊ ကျမ်းစာအနက်ဖွင့်သူအများစု က ဤကျမ်းပိုဒ်များတွင်ပုံဥပမာတခုပါဝင်နေကြောင်းကိုမေ့ထားချင်တတ်ကြသည်။ သူတို့ကသခင်ယေရှုသည်ညှေ့ခံပွဲ နှင့်ပတ်သက်သောကျင့်ဝတ်တချို့အကြောင်းသွန်သင်ပေးနေခြင်းမျှသာဖြစ်သည်ဟု အနက်ဖွင့်ချင်ကြသည်။ ဤကိစ္စ မျိုးတွင်ဖြစ်မြဲအတိုင်းပင် (သီသြလော်ဂျီအတွေးအခေါ်များခေါင်းပါးနေသောယနေ့ခေတ်မှ) ခေတ်သစ်တရားပလ္လင် အများစုကဟောပြောနေကြသော "လူမှုရေးသတင်းကောင်း"၏ တစိတ်တပိုင်းဖြစ်သွားတော့၏။ ထိုအခါတွင် သခင် ယေရှု သွန်သင်ပေးသော နှိမ့်ချခြင်းစိတ်သဘောသည် အပြင်ပန်းနှိမ့်ချခြင်း( သူ့မိတ်ဆွေများအလည်တွင်စိတ်နှိမ့်ချ သောသူအဖြစ်အမြင်ကောင်းစေသော)အပြုအမူသက်သက်ထက်မပိုသောအရာတခုဖြစ်သွားရ၏။ အကယ်၍ဤပုံဥပ မာထဲမှ ထိုမျှသာအကျိုးအမြတ်ရသည်ဆိုခဲ့လျှင် ကျွန်တော်တို့သည် သခင်ခရစ်တော်၏အရေးကြီးသောနှုတ်ကပတ် တော်ကို အပြည့်အဝနားလည်မှုမရှိခြင်းကြောင့်သာဖြစ်ရပေမည်။

ထိုသို့မဟုတ်ဘဲ၊ သခင်ယေရှုကဤပုံဥပမာအားဖြင့် ကောင်းကင်နိုင်ငံသားတို့၏ဘဝထဲတွင်မရှိမဖြစ်အရေး ကြီးသောစည်းမျဉ်းဥပဒေသတခုကို သွန်သင်ပေးလိုက်ခြင်းဖြစ်၏။ နှုတ်ကပတ်တော်ထဲတွင် ဤ'ခရစ်ယာန်နှိမ့်ချခြင်း ကျင့်ဝတ်တရား'သည် ဘုရားသခင်၏လူသားတို့အတွက်အရေးအကြီးဆုံးကျင့်ဝတ်တခုဖြစ်ကြောင်း ထပ်တလဲလဲဖေါ် ပြထား၏။ အမှန်စင်စစ်ဤအကျင့်သည် ကျွန်တော်တို့၏အသက်တာအသစ်ပြုပြင်ခံရခြင်းထဲတွင် မြစ်ဖြားခံလာသော အတွင်းဝိညာဉ်ကျေးဇူးတော်တခုဖြစ်သည်။ ဤအကျင့်သည် စိတ်နေစိတ်ထား၏၊ နှလုံးသား၏-အဆင့်အတန်းတခု ဖြစ်သည်၊ အပြင်ပန်းအမြင်ကောင်းအောင်လုပ်ခြင်းတခုမျှသာမဟုတ်ပါ။ ဤနှိမ့်ချခြင်းအကျင့်သည် (လူ့အတွင်းထဲမှ လိမ်ညာမှုအားလုံးကိုတွေ့မြင်နေပြီး၊ မာန်မာနထောင်လွှားသူများကိုအသေအချာမောင်းထုတ်မည့်) ဘုရားသခင်၏ ရှေ့တော်မှောက်တွင် မဖြစ်မနေထားရှိရမည့်အကျင့်ဖြစ်သည်။ ဤအကျင့်သည်အလွန်အရေးကြီးလှသောကြောင့် နှုတ်ကပတ်တော်က ဘုရားသခင်၏နိုင်ငံတော်ထဲသို့ စိတ်နှိမ့်ချသောသူသာဝင်ခွင့်ရမည်ဖြစ်ကြောင်း ထပ်တလဲလဲသ တိပေးနေခြင်းဖြစ်၏။ ကောင်းကင်နိုင်ငံသားတဦး၏ မရှိမဖြစ်အမှတ်လက္ခဏာသည် စိတ်နှိမ့်ချခြင်းအကျင့်ပင် ဖြစ်သည်။ ဤအကျင့်သည် ကောင်းကင်နိုင်ငံအတွင်းနှင့်အပြင်ကိုစည်းခြားပေးသော နောက်ဆုံးနှင့်အန္တိမနယ်ခြား မျဉ်းကြောင်းဖြစ်သည်။"အကြောင်းမူကား သူ့ကိုယ်သူချီးမြှောက်သောသူမှန်သမျှနှိမ့်ချခြင်းခံရမည်၊ ထို့အတူ သူ့ကိုယ် သူနှိမ့်ချသောသူမှန်သမျှချီးမြှောက်ခြင်းခံရမည်ဖြစ်သောကြောင့်တည်း"။

မာန်မာနတရား

မာန်မာနနှင့်နှိမ့်ချခြင်းသည် ဆန့်ကျင်ဖက်တရားများဖြစ်ကြသည်။ သူတို့သည်အချင်းချင်းရှောင်လွှဲတတ်ကြ သည်။ တခုရှိသောနေရာမှာတခြားတခုမရှိနိုင်ပါ။

သခင်ယေရှုသည် ဖါရိရှဲခေါင်းဆောင်တဦး၏အိမ်ထဲတွင်ရောက်နေခြင်းဖြစ်သည်။ တခြားညှေ့သည်တော် များလဲရောက်ရှိနေကြသည်။ ထို့အတူ ဤအကြောင်းဖေါ်ပြထားသောကျမ်းပိုဒ်များကိုကြည့်ခြင်းဖြင့် သခင်ယေရှု အား ညှေ့ဝတ်ပြုချင်လွန်းသောကြောင့် ဖိတ်ကြားခြင်းမဟုတ်ကြောင်းသိသာသည်။ ထိုသို့မဟုတ်ဘဲ သခင်ယေရှု၏အ ပြုအမူ သို့မဟုတ် အပြောအဆိုထဲတွင်မှားကွက်ရှာ၍ အပြစ်စီရင်ချင်သောရည်ရွယ်ချက်ဖြင့် ဖိတ်ခေါ်ထားခြင်းဖြစ် ကြောင်းသိသာသည်။ အခြေခံအားဖြင့်ဆိုးညစ်သောရည်ရွယ်ချက်ဖြစ်သည်။

ထိုနေရာမှာ ဖောယောင်နာစွဲသူတဦးလဲရောက်နေသည်၊ တမင်သက်သက်ခေါ်ထားခြင်းလဲဖြစ်နိုင်သည်။ ထို့အတူ ထိုနေ့သည်ဥပုသ်နေ့လဲဖြစ်သည်၊ ဖါရိရှဲတို့၏ပညတ်အရမည်သူမျှအလုပ်မလုပ်ရ။ သခင်ယေရှုက သူတို့၏ ဆိုး ညစ်သောရည်ရွယ်ချက်ကိုဂရုမစိုက်ဘဲ ထိုသူကိုကျန်းမာစေလိုက်သောအခါတွင် သခင်ဘုရားကိုအပြစ်တင်စရာ အကွက်ကောင်းတော့ရသွားပြီဟု သူတို့ထင်လိုက်ကြသည်။ သို့သော် သခင်ယေရှုကသူတို့၏ဆန့်ကျင်မှုကိုအဖြေပေး လိုက်ပြီး၊ တချိန်ထဲတွင် သူတို့၏အပြစ်များကိုပေါ်လွင်စေသောပုံဥပမာတခုကို သွန်သင်ပေးလိုက်သည်။

သခင်ယေရှုက ဂျူးတို့သည် ပွဲလမ်းတခုခုကိုဖိတ်ကြားခြင်းခံရသောအခါတွင် အထူးညှေ့သည်နေရာကိုအမြဲ တမ်းအလုအယက်နေရာယူလေ့ရှိကြကြောင်းကို သိရှိထားသည်။ ထိုခေတ်အခါကစားသောက်ကြပုံသည် ကော်ဇော များကိုစားပွဲပတ်လည်တွင်ခင်းကာ ထိုကော်ဇောပေါ်တွင်ကူရှင်အပုကလေးများကိုမှီ၍ ကိုယ်တခြမ်းလဲလျောင်း၍နေ

ရာယူစားသောက်ကြခြင်းဖြစ်သည်။ ညှော်သည်များကိုလဲအဆင့်အတန်းအလိုက်နေရာသတ်မှတ်ပေးထားသည်။ အိမ်ရှင်နှင့်အနီးဆုံးနေရာသည် ဂုဏ်ထူးဆောင်နေရာဖြစ်၍ ထိုမှဝေးလေလေအဆင့်နိမ့်လေလေဖြစ်သည်ဟုအကြမ်းဖျင်းမှတ်ယူနိုင်သည်။ ထို့ကြောင့် ပွဲလမ်းသဘင်များတွင်နေရာလုကြသောထုံးစံသည် သခင်ဘုရား၏တပည့်တော်များထံသို့ပင်ကူးစက်နေကြောင်းကို(လုကာ ၂၂း၂၄)-တွင် သခင်ဘုရား၏နောက်ဆုံးပသခါစားသောက်ပွဲတွင် ဂုဏ်ထူးဆောင်နေရာနှင့်မည်သူအထိုက်တန်ဆုံးဖြစ်သနည်းဆိုသည်ကို အငြင်းပွားနေကြခြင်းအားဖြင့်သိနိုင်သည်။

သို့သော် ထိုသို့အကောင်းဆုံးနေရာကိုလုနေကြသောအပြုအမူနောက်ကွယ်တွင် ပို၍နက်ရှိုင်းသောဇာတိသဘောမာန်မာနထောင်လွှားခြင်း၏စေ့ဆော်စိတ်တည်ရှိနေသည်။ လူတိုင်းကသူ့ကိုယ်သူအမြင့်မြတ်ဆုံး၊ ဂုဏ်အရှိဆုံးဟုထင်နေသည်၊ ထို့ကြောင့်လည်းအမြင့်မြတ်ဆုံးနေရာနှင့် သူသာထိုက်တန်သည်ဟု လူတိုင်းကထင်နေသည်။ ထိုနေရာကိုရနိုင်ဖို့ ကြိုးစားကြရင်းနှင့် မလိုအပ်ဘဲငြင်းခုန်ကြ၊ လုယက်ကြ၊ မကျေမနပ်ဖြစ်ကြ– ဖြစ်ကုန်သည်။ ဤအပြုအမူများက သူတို့၏မကောင်းဆိုးဝါးနှလုံးသားထဲမှ မောက်မာထောင်လွှားသောမာနစိတ်များကို ပေါ်ထုတ်ပြနေသည်။

သူတို့သည်ဘုရားတရားကိုင်းရှိုင်းခြင်းဝတ်လုံကိုဟန်ဆောင်၍ခြုံထားနိုင်သည်။ လူအများရှေ့တွင်နှိမ့်ချသောသူအဖြစ်ပြုမူနေနိုင်သည်။ သို့သော် သူတို့၏အထဲတွင်တော့ သေလောက်သောကင်ဆာ မာနထောင်လွှားခြင်းစွဲကပ်နေသည်။ ဤမာနတရားသည် သူတို့နှလုံးသားထဲတွင်နက်ရှိုင်းစွာအမြစ်တွယ်နေသည်။ ဤမာနတရားသည် သူတို့၏တန်ဖိုးမဲ့သော၊ သို့သော်လဲအလွန်ထင်ရှားသော (သူတို့ကိုယ်သူတို့ လူထဲတွင်အမြင့်မြတ်ဆုံးလူ)ဟု ထင်မြင်သောစိတ်တွင်အခြေခံထားသည်။ သူတို့သည် သူတို့၏ဖြောင့်မတ်ခြင်းကို ပညတ်တရားရှိရှိသမျှလိုက်ကျင့်ခြင်းအားဖြင့် ထိုက်တန်၍ရရှိကြခြင်းဖြစ်သည်ဟု ခံယူကြသည်။ အမှန်အားဖြင့် သူတို့သည် သူတို့၏နှိမ့်ချခြင်းအတွက်မကြာမကြာဂုဏ်ပေါ်ဝင့်ကြွားလေ့ရှိကြသည်။

မာနကြီးခြင်းသည် အပြစ်အားလုံး၏အမြစ်ဖြစ်သည်။ မာနကြီးခြင်းသည် ကျွန်တော်တို့၏လုပ်ပေါ်ဆောင်ဖက်များနှင့်ဆက်ဆံရေးကိုပျက်စီးစေသောအရာသက်သက်မျှသာမဟုတ်ပါ၊ မာနကြီးခြင်းသည် (ပထမဆုံးအနေဖြင့်) ဘုရားသခင်အားဆန့်ကျင်၍ကျူးလွန်သောအပြစ်ဖြစ်သည်။ ဒေဝဥယျာဉ်ထဲမှ ကျွန်တော်တို့၏ပထမဆုံးမိဘများအတွက်လဲမှန်ကန်ပါ၏။ မကောင်းဆိုးရွားက သူ၏မြူဆွယ်သောစကားလုံးများဖြင့် ရောက်လာသောအခါတွင်၊ အာဒံနှင့်ဧဝတို့၏ မာနစိတ်ကို ဘဝင်ခိုက်သွားစေခဲ့သည်။ “သင်တို့သည် အကောင်းနှင့်အဆိုးကိုသိ၍ ဘုရားနှင့်တူလာကြလိမ့်မည်”။ ကျွန်တော်တို့၏ပထမဆုံးမိဘများက စုံစမ်းသူ၏စကားကိုနားထောင်လိုက်ကြချိန်တွင် သူတို့တတွေဘုရားသခင်နှင့်တန်းတူကြီးမြတ်လာလိမ့်မည်ဟူသောမျှော်လင့်ချက်နှင့် နားထောင်လိုက်ကြခြင်းဖြစ်သည်။ ဤအရာသည်သူတို့အလိုချင်ဆုံးသောအရာဖြစ်နေသည်။ ထို့ကြောင့်လဲ ဘုရားသခင်နှင့်တူသောအဖြစ်သို့ရောက်ဖို့အရေး ဘုရားစကားကိုနားမထောင်ဘဲသွားမှဖြစ်မည်ဆိုလျှင်လဲ၊ ဖြစ်ချင်ဇောအားကြီးလှသောကြောင့် (မာနစိတ်ပြင်းထန်လှသောကြောင့်) ဖွတ်တိုး၍သွားခဲ့ကြခြင်းဖြစ်သည်။

ထို့မျှမကသေးပါ၊ ဤကိစ္စသည် လူတို့၏အပြစ်အားလုံး၏လုပ်ဆောင်ပုံဖြစ်သည်။ အထူးသဖြင့်အပြစ်တရား ၏အထင်ရှားဆုံးသောလုပ်ရပ်မှာ– အပြစ်သားကသူ့ကိုယ်သူအပြစ်ရှိသည်ဟုလက်မခံခြင်း– ပင်ဖြစ်သည်။ ပျက်စီးယို ယွင်းနေသောလူသား၏အကြီးဆုံးသောအပြစ်မှာ– သူသည်ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်သောသူဖြစ် ကြောင်း– လက်မခံလိုခြင်းဖြစ်သည်။ ဤသို့ သူ့အပြစ်ကိုသူဝန်မခံလိုသောစိတ်ကပင်လျှင် မာန်မာနထောင်လွှားခြင်း အပြစ်အားလုံးဆီသို့ သူ့ကိုဦးဆောင်သွားခြင်းဖြစ်သည်။ သူ၏ထောင်လွှားသောစိတ်ထားဖြင့် ဘုရားသခင်၏တန်ခိုး ကိုပိုင်ဆိုင်ပြီး၊ ဘုရားကဲ့သို့ကြီးကျယ်ကြောင်းကြွေးကြော်တော့သည်။ သူ၏ကမ္ဘာထဲမှနေ၍ဘုရားသခင်အားဖယ်ရှား ပစ်ဖို့ကြိုးစားပြီး၊ သူ့ကိုယ်သူဖန်ဆင်းခြင်း၏ဘုရင်အဖြစ်၊ မည်သူ့ကိုမှအဖြေပေးစရာမလိုသောသူအဖြစ်၊ ဘုရားသခင် ၏ကမ္ဘာပေါ်တွင် သူကောင်းတယ်ထင်သလိုလုပ်နိုင်သောအထူးအခွင့်အရေးပိုင်ဆိုင်သူအချုပ်အချာအာဏာပိုင်အရှင် သခင်အဖြစ်၊– ချီးမြှောက်လေတော့သည်။ အသက်ရှင်သောဘုရားသခင်ပိုင်ဆိုင်သောအရာကို သူ့ကိုယ်ပိုင်အဖြစ်သိမ်းပိုက်တော့သည်။ ဘုရားသခင်နှင့်သာထိုက်တန်သော ဂုဏ်အသရေ၊ ဘုန်းတန်ခိုး၊ ချီးမြှောက်ခြင်း၊ တို့ကိုခိုးယူကာ သူပိုင်သောအရာအဖြစ်ကြွေးကြော်တော့သည်။ သူ၏မာန်မာနထဲတွင် သူ့အတွက်သာအသက်ရှင်သော– ပုန်ကန်သူ၊ ထောင်လွှားစော်ကားသူ၊ ကြွားဝါသူ၊ ဆန့်ကျင်တော်လှန်သူ–ဖြစ်လာတော့သည်။

ဤမာန်မာနသည် သူ့အပေါင်းအဖေါ်များနှင့်ဆက်ဆံပုံတွင်လည်းပေါ်လွင်ထင်ရှားလာသည်။ မာနထောင်လွှားသူသည်–တခြားသူအားလုံးထက်သူပိုတော်ပိုတတ်သည်ဟူသောတိကျသေချာသည့်ခံယူချက်ရှိလာသည်။ တခါတရံသူ၏ချမ်းသာပုံ၊ တခါတရံသူ၏ထူးချွန်ပုံ၊ တခါတရံသူ၏ဘုရားတရားကိုင်းရှိုင်းပုံ၊ တခါတရံသူ၏ရာထူးဂုဏ်ရှိန်–တမျိုးပြီးတမျိုးကြွားလုံးထုတ်နေတော့သည်။ သူ့အပေါင်းအဖေါ်များကိုအထင်သေးစွာငုံ့ကြည့်ပြီး သူနှင့်တုနှိုင်းစရာ

မည်သူမျှမရှိပါဟု သူကိုယ်သူအာမခံနေတော့၏။ သူသည်သူကိုယ်သူရှေ့တဆင့်တက်ဖို့အတွက်ဆိုလျှင် အညှာအတာကင်းမဲ့စွာလုပ်ဆောင်တတ်ပြီး၊ သူ၏တန်ခိုးအာဏာတပ်မက်မှုကြောင့် သူ့အပေါင်းအပေါ်များဘယ်လိုဖြစ်ကုန်ကြမည်နည်းဆိုသည်ကို လုံးဝဂရုမစိုက်တတ်ပါ။ သူသည်အပြင်ပန်းအားဖြင့်နှိမ့်ချခြင်း၊ အပေါင်းအပေါ်များကောင်းစားရေးအလေးထားခြင်း၊ မျက်နှာဖုံးစွပ်ချင်စွပ်ထားနိုင်သည်။ သို့သော်လည်း ဤနှိမ့်ချခြင်းမျက်နှာဖုံးသည် ပို၍နက်ရှိုင်းသောမာန်မာနထောင်လွှားခြင်းအတွက်သာဖြစ်နေပြီး၊ သူ့အပေါင်းအပေါ်များကောင်းစားရေးအလေးထားခြင်းများသည်လည်း အမှန်စင်စစ်သူ၏တကိုယ်ကောင်းရည်မှန်းချက်များပြည့်စုံလာရေးအတွက်တဖက်လှည့်အထောက်အကူပေးစေသောအရာများသာဖြစ်နေ၏။

ဤမာန်မာနသည်ကြီးမားလွန်းလှသောကြောင့် လူတဦးကသူ့ပုဂ္ဂလိကအရေးနဲ့နဲ့ဘဲတွေးခေါ်လာလျှင် သူ့ကိုစိတ်ပိုင်းဆိုင်ရာပြင်းထန်စွာချို့တဲ့နေသူအဖြစ် ရောဂါအကဲဖြတ်ခြင်းပြုကြသည်အထိဖြစ်လာသည်။ ခေတ်သစ်စိတ်ပညာနှင့်စိတ်ကုဆရာဝန်များက မိမိကိုယ်ကိုအထင်အမြင်သေးခြင်းသည် ထိုသူကိုလူကြားသူကြားမဝင်ဆန့်အောင်ထိခိုက်စေနိုင်သည်ဟု ပြောလာကြသည်။ ဘာသာရေးခေါင်းဆောင်များကပင်လျှင် အပြုသဘောဆောင်သောအတ္တပုံရိပ်ထားရှိရန်၊ အပြုသဘောတွေးတောခြင်းပြုကြရန်–လို့အပ်ကြောင်းဟောပြောလာကြသည်။

မာနကြီးခြင်းအပြစ်၏စုံလင်သောသဘာဝအမှန်ကို မယုံကြည်သူများအကြားတွင်တွေ့ရှိနိုင်သည်။ မာနသည်သူ၏ဘဝအရင်းအမြစ်ထဲတွင်တည်ရှိနေသည်။ သူသည် ကမ္ဘာကြီးအပေါ်ကျူးကျော်စော်ကားခြင်း၊ ဆိုးညစ်စွာပြုကျင့်ခြင်း ရေတံခါးကြီးကိုဖွင့်လှစ်ပေးသည့် ဤမူလပထမအပြစ်၏လှုံ့ဆော်ခြင်းကိုအမြဲတမ်းခံစားရသည်။ သို့သော်ဤအပြစ်သည် ဘုရားသခင်၏လူများထံတွင်လည်းလျော့နည်းမသွားပါ။ အခြေခံသဘောအားဖြင့် သူတို့တတွေကယ်တင်ခြင်းခံရပြီးတာမှန်ပါသည်။ သူတို့၏နှလုံးသားများထဲတွင်လည်း အသစ်တဖန်ပြုပြင်ပေးခြင်းခံစားရပြီးပြီ။ သူတို့အားအမိုက်မှောင်နိုင်ငံထဲမှနေ၍သခင်ခရစ်တော်၏နိုင်ငံထဲသို့ခေါ်သွင်းခြင်းခံရပြီးပြီ။ သို့သော်လည်း သူတို့၏အပြစ်လွှမ်းသောဇာတိပကတိသဘောကို သချိုင်းဂူ၏ဒီဖက်ခြမ်းနှင့် သချိုင်းဂူသို့သွားရာလမ်းတလျှောက်တွင်သယ်ဆောင်လာကြဆဲဖြစ်သည်။ ဤဇာတိပကတိထဲတွင် ကောင်းတာဘာတခုမှမရှိ။ ဤသို့ဖြစ်ခြင်း၏ရလဒ်မှာ–နှိုင်းယှဉ်သောသဘောနှင့်ပြောရလျှင်–မာနကြီးခြင်းသည်သူတို့အထဲမှာအမြဲတမ်းရှိနေသည်။ မာနကြီးခြင်းက သူတို့၏အတွေးအခေါ်ထဲတွင်– (ကယ်တင်ခြင်းအလုပ်ထဲတွင် ဘုရားသခင်အားသူတို့ကအကူအညီပေးနိုင်စွမ်းရှိသည်၊ ထို့ကြောင့်လဲ တနည်းတဖုံအားဖြင့် ကောင်းကင်နိုင်ငံ၏ကောင်းချီးမင်္ဂလာများကို ရရှိဖို့ထိုက်တန်သည်)–ဟူသောထင်မြင်ချက်အားဖြင့်ပေါ်ထွက်လာတော့သည်။ အမှန်စင်စစ် သန့်ရှင်းမြင့်မြတ်ခြင်းအသစ်သည် ယခုမှအစပျိုးယုံသာရှိသေးသလို၊ ကယ်တင်ခြင်းသည်လည်း အခြေခံသဘောအားဖြင့်သာရရှိကြသေးသောကြောင့်၊ ဇာတိပကတိသဘောသည်အလွန်အားကြီးနေသေးကာ၊ ထိုဇာတိသဘောကိုအသက်သွင်းပေးခြင်းဖြစ်သော မာနကြီးခြင်းသည်လည်း သူတို့ဘဝများထဲတွင်အဓိကပြဿနာကြီးတခုဖြစ်နေပါ၏။

## နှိမ့်ချခြင်းတရား

နှိမ့်ချခြင်းသည် အထက်ပါအရာအားလုံးနှင့်တိုက်ရိုက်ဆန့်ကျင်ဖက်ဖြစ်ပါ၏။ နှိမ့်ချခြင်းသည်အခြေခံသဘောအားဖြင့် ဘုရားသခင်နှင့်မိဿဟာယပြုဖို့ ဦးတည်ပြင်ဆင်သောသူတဦး၏အကျင့်တရားပင်ဖြစ်၏။ နှိမ့်ချခြင်းသည် အခြေခံအားဖြင့် ဘုရားသခင်၏ကြီးကျယ်မြင့်မြတ်ခြင်းကို သိမှတ်နားလည်သောစိတ်ထားပင်ဖြစ်၏။ သို့သော်လဲ နှိမ့်ချခြင်းသည်အထက်ပါအချက်များကိုသိယုံမျှသာဖြစ်သောအခြေအနေမျိုးမဟုတ်ဘဲ၊ သိယုံသာမက စိတ်နှလုံးပါလျက်ဝန်ခံသောစိတ်ထားဖြစ်၏။ နှိမ့်ချခြင်းသည် ထိုအရာများကိုဗဟုသုတဖြစ်စေသော၊ အသိပညာတိုးစေသောအချက်များအဖြစ်သာလက်ခံခြင်းမျိုးမဟုတ်ဘဲ၊ ဘုရားသခင်တပါးတည်းသာလျှင် ကြီးကျယ်မြင့်မြတ်သောအရှင်ဖြစ်ကြောင်းကိုသိလာရသောကြောင့် ကျေးဇူးတင်စွာယုံကြည်ကိုးကွယ်သောစိတ်ထားဖြစ်၏။ သူသည်သူဖန်ဆင်းထားသောအရာအားလုံးထက် အလုံးစုံသာလွန်ထူးကဲလှပါ၏၊ အကြောင်းမူကား ထိုအရာအားလုံးကိုသူ၏လက်တော်ဖြင့်ဖေါ်ထုတ်ထားသောကြောင့်ဖြစ်သည်။ သူသည် အချုပ်အချာအာဏာပိုင်စိုးစွာဖြင့်အမြင့်ဆုံးသောအရပ်၊ ကောင်းကင်ဘုံများထက်သာ၍မြင့်မားသောအရပ်တွင်စိုးစံတော်မူ၏၊ ချီးမွမ်းခြင်း၊ ဘုန်းထင်ရှားခြင်းအားလုံးနှင့် တပါးတည်းသာထိုက်တန်သောအရှင်ဖြစ်၏။ သူသည်တန်ခိုးအာဏာ၊ ကြီးကျယ်မြင့်မြတ်ခြင်း ဝတ်လုံတော်ကိုဆင်မြန်းထား၏။ တုနှိုင်းဘွယ်ရာမရှိသောအရှင်ဖြစ်၏။ “အကြောင်းမူကား၊ အရာအားလုံးသည်–သူ့အတွက်၊ သူ့အားဖြင့်၊ သူ့ထံသို့–ဖြစ်ကြ၏၊ ထိုအရှင်သည်ထာဝရကာလပတ်လုံးဘုန်းထင်ရှားစေသတည်း”(ရောမ ၁၁း၃၆)။

ဤအမှန်တရားမှဆက်စပ်၍မဖြစ်မနေသိလာရမည်မှာ ကျွန်တော်တို့သည်ဘာမှမဟုတ်သောသတ္တဝါဖြစ်နေကြောင်းသိခြင်းဖြစ်၏။ ‘ပရောဖက်ဟေရှာယ’က မြေကြီးပေါ်ရှိတိုင်းနိုင်ငံအားလုံးသည် ကပ်ညိနေသောဖုန်မှုန့်တ

မှုန့်မျှသာဖြစ်၍၊ ရေပုံးအပြင်ဖက်တွင်တွဲခိုနေပြီး၊ ဘယ်သူမှသတိမထားမိဘဲအောက်ပြုတ်ကျသွားဖို့အသင့်ဖြစ်နေသော ရေစက်တစက်နှင့်တူ၏(ဟေရှာယ ၄၀း၁၅)–ဟု ပြောပြခဲ့၏။ အကယ်၍ ကမ္ဘာလုံးကြီးပေါ်မှတိုင်းနိုင်ငံအားလုံး ပေါင်းသည် ထိုမျှသာဖြစ်ခဲ့လျှင်၊ သန်းထောင်ချီသောလူတွေကြားထဲမှ ကျွန်တော်/ကျွန်မတယောက်စီသည် ဘာနှင့်တူမည်နည်း? ကျွန်တော်တို့သည် မထင်မရှားဖြစ်သော၊ သေးနုပ်သော(အမြင့်ဆုံးသောဘုရားသခင်၏ အလိုတော်ဦးသာအရာအားလုံးအတွက်အချိန်တိုင်းမှီခိုနေရသော)– သတ္တဝါကလေးများသာဖြစ်ကြ၏။

ထိုမျှသာမကသေးပါ၊ ထိုသို့ဖြစ်နေခြင်းသည်မလုံလောက်သေးသည့်အလား ကျွန်တော်တို့သည်အပြစ်လွှမ်းသောသူများထပ်ဖြစ်လိုက်ကြသေးသည်။ ကျွန်တော်တို့သည် အခွင့်အရေးအားလုံး (အသက်ရှင်သောဘုရားသခင်က ကျွန်တော်တို့အားကျေကျေနပ်နပ်ကြီးပေးချင်သော မျက်နှာသာပေးခြင်းအပါအဝင်)ကို ဆုံးရှုံးပစ်လိုက်ကြသည်။ ကျွန်တော်တို့သည် တမင်သက်သက် စိတ်ပါလက်ပါပင် ဆန့်ကျင်ပုန်ကန်သောလမ်းကိုရွေးလိုက်ကြသည်။ ကျွန်တော်တို့သည် ထာဝရသေခြင်းနှင့်သာထိုက်တန်သော ကျူးကျော်စော်ကားသူများဖြစ်လာကြတော့သည်။

## ဘုရားသခင်နှင့်ဆက်နွယ်သော နှိမ့်ချခြင်းတရား

သခင်ယေရှုသွန်သင်ပေးနေသောပုံဥပမာထဲတွင်ပါဝင်သောအခြေခံအမှန်တရားသည် ဤအရာပင်ဖြစ်၏။ သခင်ဘုရားက ဖါရိရှဲများကို အနိမ့်ကျဆုံးသောနေရာကိုရွေးချယ်ဖို့အကြံပေးလိုက်သောအခါတွင်၊ လူမှုဆက်ဆံရေးကျင့်ဝတ်တခုကိုပြောပြလိုက်ယုံသက်သက်သာ အကြံပေးလိုက်ခြင်းမဟုတ်ပါ။ ထို့အတူ ပွဲလမ်းတခုတွင်ပို၍နိမ့်သောနေရာကိုရွေးချယ်သောအပြုအမူသည် အမြဲတမ်းရိုးဖြောင့်သောသဘောတော့မဟုတ်ပါ၊ အကြောင်းမှာထိုအပြုအမူသည်လဲ မာနတရားတမျိုးပင်ဖြစ်သောကြောင့်ဖြစ်၏။ ထိုသို့မဟုတ်ရဘဲ၊ ပွဲလမ်းတခုတွင်အနိမ့်ကျဆုံးနေရာကိုရှာဖွေသောစိတ်ထားသည် ထိုပွဲလမ်းသို့ပါဝင်ဖို့ပင်ထိုက်တန်ခြင်းမရှိပါ ဟူ၍သိနားလည်ထားခြင်းတွင်မြစ်ဖြားခံလာခြင်းသာဖြစ်ရပါမည်။

ပုံဥပမာထဲမှပွဲလမ်းသည် မင်္ဂလာဆောင်ပွဲဖြစ်၏။ ဘုရားသခင်နှင့်သူ့လူများအကြားမှပဋိညာဉ်မိဿဟာယပြုခြင်း၏ပုံပမာဖြစ်၏။ ဘုရားသခင်ကသူ့လူများကိုသူ့အိမ်တော်ထဲသို့ခေါ်ယူသွား၏။ သခင်ဘုရားနှင့်သူ့အသင်းတော်၏လက်ထပ်မင်္ဂလာပွဲတွင်ပါဝင်ခွင့်ကို ဘုရားသခင်ကသူတို့အားပေးအပ်လိုက်၏။ ထိုမိဿဟာယပြုခြင်း၏ဝမ်းမြောက်စရာကောင်းပုံကို စားသောက်ပွဲကြီးတခုနှင့်သရုပ်ဖေါ်လိုက်ခြင်းဖြစ်၏(ဗျာဒိတ် ၁၉း၉)။ ဤအရာသည်ဘုရားသခင်၏ ထာဝရမကုန်ဆုံးနိုင်သော (ထာဝရကာလကထဲကသူ့လူများဖြစ်ဖို့ရွေးကောက်ထားသောသူများနှင့် တည်ထောင်ထားသော) ကျေးဇူးတော်ပဋိညာဉ်တရားပင်ဖြစ်၏။ ဤစားသောက်ပွဲကြီးထဲတွင်ပါဝင်ဖို့ ကျွန်တော်တို့မထိုက်တန်ကြောင်း သိထားကြပါသည်။

ထို့ကြောင့်၊ စစ်မှန်သောနှိမ့်ချခြင်းသည် အမြဲတမ်းအပြစ်တရားကိုသတိပြုမိနေခြင်း ပင်ဖြစ်သည်။ ထိုသူကသူသည် ဆွေးမြေ့နေသောအပြစ်သားတဦးသာဖြစ်ကြောင်းသိနေသည်။ သူသည်ဘုရားသခင်၏မျက်စိရှေ့တွင် မည်မျှလောက်ဆိုးရွားသောသူဖြစ်နေမည်နည်းဆိုသည်ကို ကောင်းကောင်းကြီးသတိပြုမိနေသည်။ သူသည်တမန်တော်ရှင်ပေါလုနှင့်အတူ–“အပြစ်သားအားလုံးထဲတွင် ငါသည်အကြီးဆုံးဖြစ်သည်”(၁တိ ၁း၁၅)–ဟုပြောနေသည်။ သူ သည် ထာဝရဒဏ်ခတ်ခံရခြင်းမှတပါး အခြားဘယ်အရာနှင့်မျှထိုက်တန်ခြင်းမရှိကြောင်းသိနေသည်၊ အကြောင်းမူ ကားသူ့အထဲတွင်ကောင်းသောအရာဘာတခုမျှရှာမတွေ့၍ဖြစ်သည်။ သူသည် မာနထောင်လွှားသောဖါရိရှဲကဲ့သို့(သူသည်တခြားသူများနှင့်မတူသောကြောင့် ဘုရားသခင်အားကျေးဇူးတော်ချီးမွမ်းနေသူ) မဟုတ်ပါ၊ ထိုသို့မဟုတ်ဘဲ၊ သူ့ကိုအခန်းထောင့်တနေရာမှာ သူ့ရင်ပတ်ကိုထုလျက်၊ ကောင်းကင်ဘုံသို့မော်၍မျှမကြည့်ဝံ့ဘဲဖြစ်နေကြောင်းတွေ့ရလိမ့်မည်။ ထို့အတူ “ဘုရားသခင်၊ ကျွန်တော့်လိုအပြစ်သားကိုသနားတော်မူပါ”–ဟူ၍စိတ်နှလုံးကြေကွဲစွာ ငိုကြွေးနေမည်သာဖြစ်၏(လုကာ ၁၈း၉–၁၄)။

ဧည့်သည်ဖြစ်သူက ဘုရားသခင်၏ပဋိညာဉ်ပွဲလမ်းသဘင်ဆင်နွှဲရာခန်းမကြီးထဲတွင် သူ့အားတနေရာစာပေးအပ်ထားကြောင်းသိလာရချိန်တွင် သူ့လိုလူကိုထိုနေရာမျိုးပေးအပ်ခြင်းအတွက် အံ့ဩဝမ်းသာမိတော့သည်။ သူ့အနီးအနားကိုလှည့်ပတ်ကြည့်လိုက်သောအခါ လူအမြောက်အမြားချန်လှပ်ထားခြင်းခံရကြောင်းတွေ့ရ၏၊ ထို့အတူ၊ သူသည် –(ထိုသူများထက်ပို၍မကောင်းသလို၊ ပို၍မဆိုးပါဘဲလျက်နှင့်)–ပွဲတော်ကြီးထဲတွင်ပါဝင်ခွင့်ရရှိခြင်းအတွက် ထာဝရ ကာလပတ်လုံးအံ့ဩ၍မဆုံးနိုင်တော့ပါ။ ထို့နောက်၊ သူ၏ကျေနပ်အားရသောစိတ်ထဲမှနေ၍ အကြောင်းရင်းကို စုံစမ်းကြည့်လိုက်သောအခါ၊ သူ့အထဲမှတခုခုကြောင့်ဖြစ်လာခြင်းတော့မဟုတ်နိုင်ကြောင်းတွေ့လာ၏။ သူ့ဖြောင့်မတ်ခြင်း အားလုံးသည် ညစ်ညမ်းသောအဝတ်စုတ်သာသာမျှသာဖြစ်ကြ၏။ သူ့ကြိုးစားမှုအားလုံးက သူ့ကိုငရဲနှင့်

ထိုက်တန်သူ တယောက်သာဖြစ်စေလျက်ရှိ၏။ သူ့အကျင့်သီလအားလုံးသည် ပျက်စီးယိုယွင်းခြင်းများသာဖြစ်ကြ၏။ သူ့အခွင့်ထူးခံ ရခြင်းအကြောင်းရင်းသည် ဘုရားသခင်၏ထာဝရလျှို့ဝှက်နက်နဲသောအကြံအစည်တော်ထဲတွင် ပုန်းကွယ်လျက်ရှိကြောင်းသိလာရ၏။ သူသည် (မာနထောင်လွှားသော'အာမေးနီးယန်း'ကပြောသကဲ့သို့) ဘုရားသခင်ကို လဲ မရှာသလို၊ ကယ်တင်ခြင်းခံရဖို့လဲ အတင်းလုမ်း၍မဆွဲခဲ့ကြောင်းသိနေ၏။ သူသည် သူ့ဖက်ကတစုံစုလုပ်ဆောင်လိုက်သောကြောင့် ကယ်တင်ခံရခြင်းမဟုတ်ပါ။ ထို့ကြောင့်လဲ ဘုရားသခင်က သူ့အပေါ် သနားကြင်နာစွာနှင့် ကျေးဇူးပြုတော် မူလိုက်ခြင်းအတွက် သူ့အထဲတွင်ထာဝရကာလပတ်လုံး အံ့သြဝမ်းသာခြင်းနှင့်ပြည့်လျှံနေတော့၏။ သူ ဘယ်တော့မျှ တိုင်းတာနိုင်စွမ်းမရှိလောက်အောင်နက်ရှိုင်းသော (ကယ်တင်ခြင်းထွက်ပေါ်လာရာ) ဘုရားသခင်၏နှလုံးသားထဲမှ ချစ်ခြင်းမေတ္တာနှင့်သနားခြင်းဂရုဏာကို သိရှိလာ၏၊ အကြောင်းမူကား သူနှင့်မထိုက်မတန်ဘဲ သူ့ထံသို့ ရောက်ရှိလာသော ချစ်ခြင်းမေတ္တာကိုမြည်းစမ်းကြည့်လိုက်ရသောကြောင့်ဖြစ်၏။

## မိမိ၏အပေါင်းအပေါ်နှင့်ဆက်နွယ်သောနှိမ့်ချခြင်းတရား

ဤလေးနက်သော၊ အတွင်းထဲမှလာသောနှိမ့်ချခြင်းသဘောသည် ယုံကြည်သူတယောက်၏ပေါင်းသင်းဆက်ဆံရေးအခြေခံဥပဒေသအဖြစ်သို့ရောက်ရှိသွား၏။ သူသည် အခြားသောသန့်ရှင်းသူအားလုံးသည် သူ့ထက်ပို၍ ကောင်းမြတ်ကြသည် ဟူသောအသိစိတ်ဖြင့်အသက်ရှင်၏။ ထိုသူများကို သူ့ဖခင်၏အိမ်တော်ထဲသို့ဘာ့ကြောင့်ခေါ်သွင်းလာရကြောင်း သူမသိပါ၊ သို့သော် ထိုသူတို့သည် သူ့လောက်တော့ဆိုးရွားခြင်း၊ မထိုက်တန်ခြင်း–ရှိကြလိမ့်မည် မဟုတ်ဟုခံယူထား၏။ စည်းစိမ်ချမ်းသာမဟုတ်၊ အတတ်ပညာမဟုတ်၊ ဂုဏ်သိက္ခာမဟုတ်၊ အသင်းတော်အတွင်းမှ အမှုတော်ဆောင်ဖြစ်သောကြောင့်မဟုတ်– မည်သို့သောအရာကမှ ပို၍ထူးမလာစေနိုင်ပါ။ အခြားသောသန့်ရှင်းသူအားလုံးသည် သူ့ထက်ပိုကောင်းကြသည်။ ထိုသို့သာဖြစ်ရမည်၊ အကြောင်းမူကား မည်သူမျှသူ့လောက် ဆိုးညစ်ခြင်း မရှိနိုင်၍ဖြစ်သည်။

သန့်ရှင်းသူများအကြားမှ သူ့အသက်တာကိုလမ်းညွှန်နေသော၊ ဦးဆောင်နေသောအရာသည် ဤအရာပင်ဖြစ်၏။ သူ၏အပေါ်သန့်ရှင်းသူတဦးလမ်းမှားလိုက်သွားမိခဲ့လျှင်၊ ထိုသူကိုပြန်ခေါ်လာဖို့အတွက် ထိုသူ့နောက်သို့ လိုက်သွားတတ်၏၊ အကြောင်းမူကား သူကိုယ်တိုင်သည်လည်း မနက်ဖြန်တွင်ဤကဲ့သို့လုပ်မိနိုင်ပြီး ယခုသူကကူညီနေသောသူ၏အကူအညီကိုလိုအပ်လာနိုင်သည်ဟု သိနေသောကြောင့်ဖြစ်၏။ ထို့အတူ အကယ်၍ သူသည်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ သစ္စာရှိစွာဆက်နေသွားနိုင်လျှင်လဲ သူကိုယ်တိုင် ဘုရားတရားကြည်ညိုကိုင်းရှိုင်းလွန်းသူ ဖြစ်သွား၍မဟုတ်ဘဲ၊ အမှန်တရားလမ်းထဲမှာသူ့ကိုထိန်းသိမ်းပေးထားသည့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်သည်ဟု သူကောင်းစွာသိနေ၏။ ရှင်ပေါလုက–" သူတပါးသည်ကိုယ့်ထက်သာ၍ကောင်းမြတ်သည်ဟု မှတ်ယူ ကြလော့"(ဖိလိပ္ပိ ၂း၃)–ဟု ပြောပြထား၏။

သူ့ထံသို့ပြသလိုက်သော ဘုရားသခင်၏သနားဂရုဏာတော်၏နက်ရှိုင်းပုံကိုသိမြင်လိုက်ရချိန်တွင် ထိုယုံကြည်သူ၏ဝိညာဉ်ထဲတွင် ပြည့်လျှံလာသောကျေးဇူးတော်ချီးမွမ်းခြင်း၏အမှတ်လက္ခဏာသည်၊ (ထိုကဲ့သို့ကြီးမြတ်အံ့ဘွယ်ဘုရားသခင်အား တဘဝလုံးဆက်ကပ်အပ်နှံ၍) ကျေးဇူးဆပ်သောအသက်တာဖြင့် အသက်ရှင်သွားခြင်းပင်ဖြစ် ၏။ ဤသို့သောနှိမ့်ချခြင်းသည်(သူ့အပေါ်သန့်ရှင်းသူများ၏ သက်သာချောင်ချိရေးအတွက်သုံးဖို့ ဘုရားသခင်ကသူ့ကို ပေးအပ်ထားသောလက်ဆောင်များကို မသုံးစွဲဖြစ်ရလေအောင်တားဆီးသည့်) မှားယွင်းသော၊ အတုအယောင်ဖြစ် သော၊ ဇာတိစိတ်ဖြင့်သီလစောင့်ခြင်းမျိုး မဟုတ်ပါချေ။ ထိုသို့သောနှိမ့်ချခြင်းသည် မာနကြီးခြင်းတမျိုးပင်ဖြစ်၏။ ထိုသို့ဖြစ်ရမည့်အစား၊ သူ့ရှင်လန်းအားရွှန်းချိုက်မှုသည် သူ့ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ခြင်းထဲတွင် ဖြစ်၏။ သူ့အတွက်ဘုရားသခင့်အိမ်တော်တွင်တနေရာစာရရှိထားခြင်းမှာ ပြော၍မကုန်နိုင်အောင်ကောင်းမြတ်သော ကျေးဇူးတော်ကောင်းချီးမင်္ဂလာဖြစ်နေသောကြောင့်ဖြစ်၏။

ဤစိတ်နှိမ့်ချခြင်းသည် သူ့အလိုလိုဖြစ်လာသောအရာသဖွယ်သူတပါးထံတွင်ဝါကြွားခြင်းမပြုရပါ။ကျွန်တော်သည်– မနေ့တနေ့ကမာနထောင်လွှားသောအပြစ်သား၊ နောက်တနေ့ကျတော့ပြောင်းလဲခြင်းရောက်ရှိလာ၊ ထိုအချိန်မှစ၍ ကျွန်တော့်ဘဝသည်နှိမ့်ချသောအသက်တာဖြစ်သွား– ဆိုတာမျိုးမရှိပါ။ ဤသို့သောသက်သေခံခြင်းမျိုးကို သူတို့အသက်တာပြောင်းလဲခြင်းအကြောင်းအပေါ်ဂုဏ်ယူဝံ့ကြွားချင်သူ၊ တစိတ်တအိတ်လုပ်ချင်သူများထံတွင် တွေ့ရတတ်၏။ သူတို့က ကျွန်တော်မနေ့ကမာနကြီးသည်၊ ယနေ့တော့နှိမ့်ချသူဖြစ်ပြီ–ဟုပြောတတ်ကြသည်။ လူ့နှလုံးသားထဲတွင် နှိမ့်ချခြင်းအတွက်ဂုဏ်ယူဝံ့ကြွားခြင်းဟူသော သိမ်မွေ့သောအပြစ်ကိုကျူးလွန်မိနေနိုင်သည်။ ဆိုလိုရင်းမှာ မာနစိတ်ကိုစွန့်ပစ်ရေးသည် ဘဝတလျှောက်လုံး နေ့တိုင်း၊အချိန်တိုင်းရင်ဆိုင်တိုက်လှန်သွားရမည့် တိုက်ပွဲတရပ်ပင်

ဖြစ်၏။ ကျွန်တော်တို့၏သွေးသားသည် ပျက်စီးယိုယွင်းနေသည်။ သွေးသားထဲတွင်မကောင်းမှုမျိုးစုံနှင့် ပုပ်ပွနေသော မာနတရားတို့ကိန်းအောင်းနေသည်။ မာနတရားနှင့်ဆန့်ကျင်၍ မနားတမ်းရုန်းကန်ရင်ဆိုင်သွားကြရမည်။ မာနတရားသည် ဘုရားသခင်အားပြင်းထန်စွာဆန့်ကျင်ပုန်ကန်ခြင်းနှင့်တကွတည်ရှိနေသည်။ မာနတရားကိုအနိုင်တိုက်ရ ည်။ နေ့စဉ်နှင့်အမျှမျက်နှာချင်းဆိုင်တိုက်ခိုက်၍အနိုင်ယူရမည့်အရာဖြစ်သည်။ မာနတရားသည်ဘဝလမ်းကွေ့တိုင်း တွင် ၎င်း၏အရုပ်ဆိုးလှသောခေါင်းကြီးကိုပြန်လည်အားဖြည့်လေ့ရှိသည်။ နောက်ဆုံးတနေ့တွင် သချိုင်းဂူကမာနတ ရား၏အကြွင်းအကျန်များကို ကျွန်တော်တို့ထံမှဖယ်ရှားပေးချိန်မရောက်မချင်း ၎င်းသည်ကျွန်တော်တို့၏ဘဝထဲမှအဆက်မပြတ်ခြိမ်းခြောက်နေသောရန်သူကြီး ဖြစ်နေမည်ဖြစ်သည်။ မာနသည် သန့်ရှင်းသူတို့အား အမြဲတမ်းခါးသည်းစွာဝမ်းနည်းစေသော အကြောင်းရင်းခံပင်ဖြစ်သည်။ မာနသည် သန့်ရှင်းသူများညအချိန်ရောက်တိုင်းဝိညာဉ်ရေးရာအားအင်ကုန်ခမ်းစွာဖြင့် ဒူးထောက်ကျသွားကာ ခွင့်လွှတ်ခြင်းပေးပါရန်အော်ဟစ်တောင်းခံကြရခြင်း၏တရားခံဖြစ်သည်။ မာနသည် သန့်ရှင်းသူများထာဝရပြည့်စုံသောသူများဖြစ်သွားကြမည့်ကောင်းကင်ဘုံသို့ အမြန်ဆုံးသွားခွင့်ရဖို့စိတ်အားထက်သန်စွာ တမ်းတကြရခြင်းအကြောင်းရင်းဖြစ်သည်။ မာနသည် အပြစ်မှလွတ်မြောက်ခြင်းရဖို့ တမ်းတခြင်းကိုဖြစ်ပေါ်စေသည်။ မာနသည် ကောင်းကင်ဘုံသွားခရီးသည်ကို သူ၏ကောင်းကင်နိုင်ငံတော်သို့ခေါ်ကုန်သုတ်စေသည်။ မာနသည် အငြိုးကြီးသော၊ ကြမ်းကြုတ်ရက်စက်သော၊ ကျွန်တော်တို့အားနေ့ရက်တိုင်း စိတ်ရောကိုယ်ပါနှိပ်စက်ညှဉ်းပန်းနေသော၊ ရန်သူကြီးဖြစ်သည်။

ကျွန်တော်တို့ခေတ်သည်“မိမိကိုယ်ကိုယ်အထင်ကြီးခြင်းသည် စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း၏ထူးခြားထင်ရှားသောလက္ခဏာဖြစ်သည်”ဟုခံယူသောခေတ်ဖြစ်နေသည်။ ထို့ကြောင့် လူတယောက်သည်သူ့ကိုယ်သူအထင်ကြီးရမည်ဟုခံယူကြသည်။ လူတယောက်သည်သူ့ကိုယ်သူတန်ဖိုးမရှိသူဟုယူဆခြင်း၊ နိမ့်ကျသည်ဟုယူဆခြင်းမပြုရ ဟုသင်ပေးကြသည်။ သို့သော် ဤအတွေးအခေါ်သည် ကျွန်တော်တို့သခင်ဘုရားကပြစ်တင်ရှုံ့ချသောမာနတရားကို၊ အလွန်အမင်းမြှောက်စားထားသော လောကီဒဿနသာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထိုကဲ့သို့သောလောကီဒဿနကိုရှုံ့ချနေကြရင်းနှင့် နှုတ်ကပတ်တော်၏ –“သင့်အိမ်နီးချင်းကိုသင်ကဲ့သို့ချစ်ပါ”–ဟူသောပညတ်ချက်ကို ကျွန်တော်တို့မဖြစ်မနေလိုက်လျှောက်ကြဖို့သတိထားကြရမည်။ ထိုကဲ့သို့“မိမိကိုယ်ကိုယ်ချစ်ခြင်း”သည် သခင်ခရစ်တော်၏အသင်းတော်ထဲတွင်မရှိမဖြစ်လိုအပ်သည်၊ သို့သော် ထိုအချစ်ကို ကျွန်တော်တို့မှန်ကန်စွာနားလည်ထားကြရမည်။ ပညတ်တော်၏အခြေခံဖြစ်သော ဤပညတ်ချက်ထဲတွင် ကျွန်တော်တို့သည် သခင်ခရစ်တော်ကရွေးနှုတ်ကယ်တင်ထားသောသူများဖြစ်ကြောင်းသိနေသော မိမိကိုယ်ကိုချစ်ခြင်းမျိုးဖြင့်သာချစ်ကြရမည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည်လက်ဝါးကပ်တိုင်၏တန်ခိုးတော်အားဖြင့်ကယ်တင်ခြင်းခံစားရသူများ၊ ထို့အတူသခင်ခရစ်တော်၏နိုင်ငံတော်ထဲတွင်အမှုတော်ထမ်းဖို့ခေါ်ခြင်းခံရသူများ–ဖြစ်ကြသည်ဟုမိမိကိုယ်ကိုယ်သိနေကြရမည်။ ကျွန်တော်တို့သည် သခင်ခရစ်တော်၏နိုင်ငံသားများအဖြစ်အသက်ရှင်ခွင့်တည်းဟူသောအထူးအခွင့်အရေးကြီးကို ပိုင်ဆိုင်ခွင့်ရထားသူများဖြစ်ကြကြောင်းသိမြင်ထားကြရမည်။

ကျွန်တော်တို့သည် နေ့စဉ်မျက်မှောင်ကြီးကြုတ်လျက်၊ ကယ်တင်ခြင်းစိတ်ချမှုမရှိဘဲသံသယဖြစ်လျက် အသက်ရှင်ကြရမည်မဟုတ်ပါ။ နှိမ့်ချခြင်းရှိကြောင်းပြလို့ဖော်ဖြင့်–မိမိကိုယ်မိမိဘာမှမထိုက်တန်သောရွံ့ရှာဘွယ်ရာအပြစ်သားသဖွယ်၊ ထို့အတူအပြစ်ထင်ရှားလွန်းအားကြီးသဖြင့် ကယ်တင်ခြင်းခံစားရသောကြောင့်ဖြစ်ပေါ်လာသောဝမ်းမြောက်မှုကိုပင်ထိုက်သင့်သည့်အတိုင်းမခံစားရဲသူသဖွယ်၊ အမြဲတမ်းသရုပ်ဆောင်ပြနေကြရမည်မဟုတ်ပါ။ဤသို့လုပ်ခြင်းသည် ယုံကြည်ခြင်းနှင့်လျှောက်လှမ်းဖို့ငြင်းပယ်ခြင်းဖြစ်သည်။

ကယ်တင်ခြင်း၏ဝမ်းမြောက်မှုသည် နှိမ့်ချခြင်းကိုချိုးဖောက်ခြင်းလဲမဟုတ်၊ ဝါကြွားလိုစိတ်ဖြင့်လုပ်ခြင်းလဲမဟုတ်ပါ။ ဤဝမ်းမြောက်မှုသည် သခင်ခရစ်တော်ကသူ၏ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့အထဲတွင်၊ ကျွန်တော်တို့အတွက် လုပ်ဆောင်ပေးလိုက်သောအရာကို နှိမ့်ချစွာဖြင့်ကျေနပ်ဝမ်းမြောက်ခြင်းပင်ဖြစ်၏။ ဤကဲ့သို့သော– ကျွန်တော်တို့အားသန့်ရှင်းမြင့်မြတ်သူများအဖြစ်အသိအမှတ်ပြုလိုက်ခြင်းသည်၄င်း၊ သခင်ခရစ်တော်၏သတို့သမီးအဖြစ်ဖြင့်ဘုန်းတန်ခိုးပြည့်စုံစွာလှပတင့်တယ်သောဝတ်လုံဖြူကိုဝတ်ဆင်ရခြင်းသည်၄င်း၊ –ဘာမှအရေးကြီးသောကိစ္စမဟုတ်ပါဟု မည်သူကမျှပြောခွင့်မပြုပါနှင့်။ ဤမျှကြီးမြတ်လှသောကယ်တင်ခြင်းခံစားရကြောင်းသိလိုက်ရခြင်းကြောင့် ခုန်ပေါက်မိမတတ်ဝမ်းမြောက်ပျော်ရွှင်ရခြင်းကို ထုတ်မပြသင့်၊ ထိုသို့လုပ်လျှင်ဝါကြွားရာရောက်သွားလိမ့်မည်ဟု မည်သူကမျှပြောခွင့်မပြုပါနှင့်။ ဤသို့သောကယ်တင်ခြင်းစိတ်ချရမှု၏ဝမ်းမြောက်ခြင်းသည် (သူတို့အသက်တာများထဲတွင်ဘုရားသခင်က ထိုသို့သောကောင်းမြတ်သောအမှုကြီးကို လုပ်ဆောင်ပေးခြင်းခံရသူ) သန့်ရှင်းသူများ၏ဝမ်းမြောက်ပုံအစစ်အမှန်ပင်ဖြစ်တော့၏။

### နှိမ့်ချခြင်း၏တန်ခိုးသတ္တိသည် သခင်ခရစ်တော်အတွင်း၌ရှိသည်

ဆုကျေးဇူးများထဲမှအကြီးမြတ်ဆုံးဖြစ်သော ဤနှိမ့်ချခြင်းဆုကျေးဇူးသည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တန်ခိုးတော်အားဖြင့် ဘုရားသခင်၏လူများထံသို့ရောက်ရှိလာခြင်းဖြစ်သည်။ ဤကိစ္စဖြစ်လာနိုင်ခြင်းမှာ သခင်ခရစ်တော်က သူ့ကိုယ်သူနှိမ့်ချလိုက်ခြင်းကြောင့်သာဖြစ်သည်။ ဤသို့သော ကျွန်တော်တို့သခင်ဘုရား၏နှိမ့်ချတော်မူခြင်းသည် နက်ရှိုင်းလွန်း၊လေးနက်ပြင်းထန်လွန်းလှသောကြောင့် ကျွန်တော်တို့အနေဖြင့်တွေးတောင်မတွေးနိုင်သည့်အဆင့်ဖြစ်နေလေရာ၊ ထိုအတိုင်းတုပ၍အသက်ရှင်သွားနိုင်စရာ လုံးဝမဖြစ်နိုင်ပါ။

သခင်ယေရှုသည် ဘုန်းတန်ခိုး၏အရှင်ဖြစ်သည်။ သူ၏နှိမ့်ချသောအဖြစ်တွင် သူသည်ဘုန်းတန်ခိုး၏အရှင်အဖြစ်မှရပ်ဆိုင်းသွားခြင်းမျိုးလုံးဝမဟုတ်ပါ။ သခင်ဘုရားက သူ့ကိုယ်သူသုံညဖြစ်စေလိုက်သောအခါ မြင့်မြတ်သောဘုရားသခင်အဖြစ်တော်၏ဘုန်းကျက်သရေအားလုံးကိုဆက်၍မဆုပ်ကိုင်ထားတော့ပါဟုမဆိုလိုပါ။ မဟုတ်ပါ၊ ထိုသို့ပြောခြင်းသည် သူ၏နှိမ့်ချခြင်း၏ ကြီးမြတ်မှုအစစ်အမှန်ကိုငြင်းပယ်ခြင်းသာဖြစ်သည်။ သူသည် မနှိမ့်ချမှီတွင်သော်၎င်း၊ နှိမ့်ချဆဲတွင်သော်၎င်း၊ ဘုရားသခင်ဖြစ်နေဆဲပင်ဖြစ်၏။ သူသည် ခမည်းတော်ဘုရား၏ရင်ခွင်တော်ထဲတွင်ထာဝရကိန်းဝပ်နေ၏။ သူသည် ဘုရားသခင်တပါးတည်းနှင့်သာထိုက်တန်သော တုနှိုင်းမမှီသည့်ကြီးမြတ်ခြင်းနှင့်ပြည့်ဝလျက်ရှိနေ၏။ သူသည် ခမည်းတော်နှင့်ဝိညာဉ်တော်–တို့နှင့်အတူ အရာခပ်သိမ်းတို့အပေါ်မှာအချုပ်အချာအာဏာပိုင်သောအရှင်ဖြစ်နေ၏။ ဤဆိုလိုရင်းအတိအကျကို ရှင်ပေါလုက (၂ကော ၈း၉)တွင်–"အကြောင်းမူကား၊ သူသည်ကြွယ်ဝတော်မူခဲ့သော်လည်း၊ သင်တို့အတွက်ကြောင့်ဆင်းရဲသူဖြစ်လာခဲ့ရ၏၊ ထိုသို့အားဖြင့် သူ၏ဆင်းရဲခြင်းမှနေ၍သင်တို့ကြွယ်ဝချမ်းသာလာနိုင်ဖို့–ဖြစ်သည်ဟူသော သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်– အကြောင်းကို သင်တို့သိကြပေ၏။"ဟူ၍ရေးသားထားခဲ့၏။ အမှန်စင်စစ်–'သူသည်ကြွယ်ဝတော်မူခဲ့သော်လည်း၊'–ဟူသောဘာသာပြန်ချက်သည် ဆိုလိုရင်းအစစ်အမှန်ကိုမှေးမှိန်စေသလိုဖြစ်နေ၏၊ ဤစာပိုဒ်ကိုပို၍တိကျစွာဖြင့်–'သူ သည်ကြွယ်ဝနေဆဲမှာပင်၊ သင်တို့အတွက်ကြောင့်ဆင်းရဲသူဖြစ်လာခဲ့ရ၏၊ ထိုသို့အားဖြင့် သူ၏ဆင်းရဲခြင်းမှနေ၍ သင်တို့ချမ်းသာကြွယ်ဝလာစေဖို့ဖြစ်သည်'–ဟု ကျွန်တော်တို့ဘာသာပြန်သင့်ပေ၏။

အလွန်တရာကြီးမြတ်တော်မူသောသူသည် သူ့ကိုယ်သူနှိမ့်ချတော်မူလိုက်၏။ သူသည်လူသားဖြစ်လာ၏။ သူသည်'ဗက်လင်မြို့'ရှိ နွားစားခွက်ထဲတွင် ကလေးငယ်လေးအဖြစ်မွေးဖွားခြင်းခံခဲ့၏။ သူသည်သူ့ကိုယ်သူ လူ့ဇာတိအတိုင်း–လူသတ္တဝါတို့၏ဆိုးဝါးစွာအကန့်အသတ်ရှိခြင်းဘောင်ထဲသို့သော်၎င်း၊ ရာနှုန်းပြည့်သူတပါးကိုမှီခိုရခြင်းအဖြစ်သို့သော်၎င်း–ခံယူလိုက်ခြင်းဖြစ်၏။ ထိုမျှသာမကသေးပါ သူသည်အပြစ်လွှမ်းသောဇာတိသွေးသားစရိုက်လက္ခဏာများကိုလဲခံယူလိုက်၏။ သူသည် လူတယောက်အတွက်ဖြစ်နိုင်ခြေရှိသမျှအတိုင်းအတာအထိ ကြီးမြတ်သောတန်ခိုးအာဏာနှင့်ဉာဏ်ပညာတို့ကို အပ်နှင်းခံလိုက်ရခြင်းမျိုးလဲမဟုတ်၊ ပထမဆုံးလူသား'အာဒံ'အပြစ်ထဲသို့မကျမှီက ရှိခဲ့သောအဆင့်အတန်းမျိုးလဲမဟုတ်ဘဲ၊အပြစ်လွှမ်းသောဇာတိသွေးသားလက္ခဏာထဲမှလူသားတဦးအဖြစ်ခံယူလိုက်ခြင်းဖြစ်သည်(ရောမ ၈း၃)။ သူသည် ကျွန်တော်တို့၏ဝမ်းနည်းစရာကောင်းသောအဆင့်အတန်းတိုင်အောင် အဆုံးစွန်နှိမ့်ချခြင်း ကိုခံယူလိုက်ခြင်းဖြစ်သည်။

ထိုမျှသာမကသေးဘဲ ကျွန်တော်တို့၏လူသားဇာတိ၊ ကျွန်တော်တို့၏အပြစ်၊ ကျွန်တော်တို့၏ဒုစရိုက်မှု–အားလုံးကို သူ့အပေါ်သို့ယူဆောင်တော်မူလိုက်၏။ အားလုံး၏အရှင်သခင်ဖြစ်ခဲ့သူသည် အစေခံအဖြစ်သို့ခံယူလိုက်ခြင်းဖြစ်၏။ ကျွန်တော်တို့၏အပြစ်ကျူးလွန်ခြင်း၏လေးလံလှသောဝန်ထုပ်ကြီးကို သူ့အပေါ်သို့တင်၍ထမ်းလိုက်၏။ သူသည်ကျွန်တော်တို့၏ကြိမ်ဒဏ်ကိုခံယူခဲ့၏။ ကျွန်တော်တို့၏အပြစ်များအတွက်ဒဏ်ရာရရှိခဲ့၏။ ကျွန်တော်တို့၏ငြိမ်းချမ်းရေးအတွက် ပြင်းထန်စွာဒဏ်ခတ်ခြင်းခံခဲ့၏။ သူသည်သတ်ဖြတ်ခြင်းခံဖို့ရာခေါ်သွားခြင်းခံရသော သိုးသူငယ်ပင်ဖြစ်၏။ သူသည်မုန်းတီးခြင်း၊ ရှုံ့ချစက်ဆုပ်ခြင်းခံခဲ့ရ၏။ ဆိုးညစ်သော၊လှောင်ပြောင်သရော်သောကမ္ဘာကြီး၏ နှိပ်စက်ညှင်းပန်းခြင်းကိုခံစားခဲ့ရ၏။ သူသည်နှင်ထုတ်ခြင်းခံခဲ့ရပြီး၊ နှင်ထုတ်ခံရခြင်းကိုသူ့ကိုယ်သူခွင့်ပြုခဲ့၏။ သူသည် သာမန်ရာဇဝတ်ကောင်သဖွယ်သော်၎င်း၊ မုန်းတီးခြင်း၊ရှုံ့ချခြင်းခံရသောအပယ်ခံသဖွယ်သော်၎င်း၊ မြေကြီးပေါ်မှာနေခွင့်ပေး၍မဖြစ်လောက်အောင်ဇာတ်နိမ့်သူသဖွယ်သော်၎င်း၊– စီရင်ချက်ချခြင်းခံခဲ့ရ၏။

ထိုမျှမက၊ သူသည်လူတို့ကသာမက၊ ဘုရားသခင်ကပါနှင်ထုတ်ခြင်းကိုခံစားခဲ့ရ၏။ လူတို့ထံမှာ သူ့အတွက်အခန်းမရှိသလိုပင်၊ ဘုရားသခင်ထံမှာလဲသူ့ကောင်းကင်ဘုံတွင် သူ့အတွက်အခန်းမရှိပါ။ သူသည်ဘုရားသခင်၏နှင်ထုတ်ခြင်းနှင့် မေ့လျော့ခြင်းကိုခံခဲ့ရသည်၊ ထိုသို့အားဖြင့်သူ့အားငရဲထဲသို့ပစ်ချနိုင်ရန်ဖြစ်သည်။ ထိုနေရာတွင် ဘုရားသခင်၏ပြင်းထန်သောအမျက်တော်လှိုင်းတန်ပိုးများက သူ့စိတ်ဝိညာဉ်အပေါ်သို့တလုံးပြီးတလုံးဆင့်ကဲဆင့်ကဲဖုံးလွှမ်းနေရာ နောက်ဆုံးသူ၏နားလည်နိုင်စွမ်းကိုကျော်လွန်သွားချိန်အထိပင်ဖြစ်၏။ သူသည်ဘုရားသခင်ကိုယ်တော်တိုင် ၏

စွန့်ပစ်ခြင်းခံရသူဖြစ်၏။ ထိုသို့ဖြင့်နောက်ဆုံးတွင် သူသည်ထာဝရအရှင်ဖြစ်သော်လည်း၊ လူသားတဦးကဲ့သို့သေဆုံးခဲ့၏။ ထို့နောက် လူတို့ကသူ့ကိုသင်္ချိုင်းဂူထဲသို့ထည့်သွင်းမြှုပ်နှံလိုက်ကြ၏။

ဤအရာအားလုံးသည် သူ့အစေခံတဦးဖြစ်သွားသောကြောင့်သာ သူ့အပေါ်ဖြစ်ပျက်လာနိုင်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည်တန်ဖိုးမရှိပါဟု ပြောကြသောအခါ ကျွန်တော်တို့အမှန်တရားပြောကြခြင်းဖြစ်သည်။ သို့သော် သခင်ခရစ်တော်က သူ့ကိုယ်သူတန်ဖိုးမရှိသူဖြစ်အောင်လုပ်သောအခါ၊ တန်ဖိုးမရှိသူဖြစ်မသွားပါ၊ အကြောင်းမှာ သူသည်ဘုရားဖြစ်သောကြောင့်ဖြစ်သည်။ သူသည်လွတ်လပ်စွာသော်၎င်း၊ နာခံလိုက်လျှောက်သောအားဖြင့်သော်၎င်း၊ သူ့ကိုယ်သူ တန်ဖိုးမရှိသူဖြစ်အောင်လုပ်လိုက်ခြင်းဖြစ်သည်။ သူသည်ဘုရားဖြစ်သော်လည်း ဘုရား၏အစေခံတဦးဖြစ်လာခဲ့သည်။ ထို့အတူ ဘုရားသခင်၏အစေကိုခံနေရင်းနှင့် ဘုရားသခင်၏အမျက်တော်ခံရာ နက်ရှိုင်းသောငရဲပြည်သို့ဆင်းသောလမ်းကို စိတ်ရောကိုယ်ပါရွေးချယ်လိုက်သည်၊ အဘယ့်ကြောင့်ဆိုသော် နာခံခြင်း၏လမ်းကြောင်းသည် ဤသို့ဖြစ်သောကြောင့်ဖြစ်၏။ သူသည် သေသည့်အချိန်အထိ၊ လက်ဝါးကပ်တိုင်ပေါ်တွင်သေရခြင်းအထိနာခံခဲ့၏။

သခင်ဘုရားသည် သူ့လူများ၏အစေခံတဦးဖြစ်လာခဲ့၏။ ဤအမှုအရာကို ကျွန်တော်တို့နားလည်နိုင်စွမ်းရှိပါ့မလား? သူကကျွန်တော်တို့ကိုဖန်ဆင်းတော်မူခဲ့ပြီး၊ ဆက်၍လဲ သူ၏နှုတ်ကပတ်တော်တန်ခိုးတော်အားဖြင့် ထောက်မပေးနေ၏။ သူသည် ကျွန်တော်တို့၏ အချုပ်အချာအာဏာပိုင်သူနှင့်အရှင်သခင်ဖြစ်တော်မူ၏။ ထိုသို့ဖြစ်သော်လဲ သူသည်ကျွန်တော်တို့၏အစေခံဖြစ်လာခဲ့၏။ ကျွန်တော်တို့သည် ဘာမှမဟုတ်ခြင်းထက်ပင်နိမ့်ကျကြပြီး၊ သူကတော့ အသက်ရှင်သောဘုရားသခင်ဖြစ်၏။ ထိုသို့ဖြစ်သော်လဲ သူသည်ကျွန်တော်တို့၏အစေခံဖြစ်လာဖို့အရေး သူ့ကိုယ်သူ နှိမ့်ချဖို့ဝန်မလေးခဲ့ပါ။ သူသည်ကျွန်တော်တို့၏အစေခံဖြစ်လာခဲ့သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့အတွက် အပြစ်သားဖြစ်အောင်လုပ်ဆောင်လိုက်သောကြောင့်ဖြစ်သည်။ သူသည်ကျွန်တော်တို့ခံစားသင့်လှသော အရှက်ကွဲခြင်းနှင့်ဘုရားသခင်၏အမျက်ဒေါသတို့ကို ထမ်းဆောင်ပေးခဲ့သည်။ သူလုပ်ဆောင်လိုက်သမျှအရာအားလုံးသည် သူ့အား သူ့ဖခင်ကပေးအပ်ထားသောသူများကို ချစ်မြတ်နိုးသည့်စိတ်က တွန်းအားပေးနေသောကြောင့်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ကိုချစ်သတဲ့လား? မည်ကဲ့သို့ဖြစ်နိုင်ပါ့မည်နည်း? ဤအမှုအရာ၏ကောင်းမြတ်လွန်းသော ထူးကဲခြားနားမှုကို အပြည့်အဝနားလည်နိုင်ဖို့အတွက် ထာဝရကာလသည်ပင် လုံလောက်နိုင်ပါ့မလား?

သခင်ယေရှု၏နှိမ့်ချတော်မူခြင်းသည် အဓိပ္ပါယ်(၂)ခုရှိနေသည်။ (ပထမဆုံးအနေဖြင့်) သူသည်ကျွန်တော်တို့ နှိမ့်ချခြင်း၏တန်ခိုးတော်ပင်ဖြစ်၏။ သန့်ရှင်းသူများ၏အသက်တာထဲတွင် စရိုက်လက္ခဏာအဖြစ် ပေါ်လွင်လာသော နှိမ့်ချခြင်းသည် အမြဲတမ်းပင် အသက်တာသစ်ပြုပြင်ခြင်းအထဲ၌အမြစ်တွယ်လာသောနှိမ့်ချခြင်းဖြစ်၏။ ဤအရာသည် ကျေးဇူးတော်အားဖြင့်သာ ရရှိလာနိုင်သောအကျင့်သီလကောင်းတခုဖြစ်သည်။ ဤနှိမ့်ချခြင်းသည် ကျွန်တော်တို့၏အရှင် သခင်ယေရှုခရစ်တော်၏တန်ခိုးတော်အားဖြင့်သာလျှင် ကျွန်တော်တို့အထဲတွင် အလုပ်လုပ်နိုင်ခြင်းဖြစ်၏။ သူသည်သူ၏နှိမ့်ချခြင်းထဲမှနေ၍ ကျွန်တော်တို့အတွက်၊ကျွန်တော်တို့ဖြစ်သင့်သည့်–နှိမ့်ချခြင်းကိုပေးအပ်လိုက်၏။ သူသည်သူ၏လက်ဝါးကပ်တိုင်ပေါ်မှနှိမ့်ချခြင်းကို ကျွန်တော်တို့၏နှလုံးသားများထဲတွင် ပေါ်ဆောင်ပေးနေသည်။ ဤ နှိမ့်ချခြင်းသည် မည်သည့်အခါမျှကျွန်တော်တို့ဖါသာမလုပ်ဆောင်နိုင်ပါ။ ကိုယ့်ဟာကိုယ်လုပ်နိုင်သည်ဟု ဘယ်တော့မှမကြွေးကြော်ရပါ၊ အကြောင်းမူကား ဤသို့လုပ်ခြင်းသည် မာနထောင်လွှားသောနှလုံးသား၏ ကြွေးကြော်သံဖြစ်၍ပင်။ သခင်ခရစ်တော်က ကျွန်တော်တို့ကို သူကဲ့သို့ဖြစ်အောင်လုပ်လိုက်၏၊ သို့သော်(ဖန်ဆင်းခံသတ္တဝါက သူ၏ဖန် ဆင်းရှင်နှင့် တူနိုင်သမျှအတိုင်းအတာအထိ)တူအောင်လုပ်လိုက်ခြင်းသာဖြစ်၏။

(ဒုတိယအနေနှင့်)– သခင်ခရစ်တော်၏နှိမ့်ချခြင်း၏အဓိပ္ပါယ်သည် ကျွန်တော်တို့စံနမူနာပြု၍အတုယူရမည့်အရာဖြစ်၏။ သူသည်ကျွန်တော်တို့၏စံနမူနာဖြစ်၍ သူ၏နှိမ့်ချခြင်းသည် ကျွန်တော်တို့နှိမ့်ချခြင်းအတွက်စံနမူနာဖြစ်သည်။ ဤအကြောင်းကို သန့်ရှင်းသောသမ္မာကျမ်းစာထဲတွင် ထပ်ခါတလဲလဲအာရုံစိုက်၍ဖေါ်ပြထားသည်။ သခင်ယေရှုသည် သူ၏တပည့်တော်များနှင့်အတူ (သူတို့အချင်းချင်း မည်သူသည်အကြီးမြတ်ဆုံးဖြစ်မည်နည်းဆိုသည့်အကြောင်းကို ဆိုးညစ်စွာနှင့်ငြင်းခုန်ကြ၊ စကားနိုင်လုကြအပြီးတွင်) ပသခါညစာစားပွဲပြုလုပ်မည့်အထက်ခန်းသို့တက်လာခဲ့ကြသောအခါတွင်၊ တဘက်တထည်ကိုယူ၍သူ၏ခါးတွင်ပတ်ကာ တပည့်တော်များအားလုံး၏ခြေကိုဆေးကြောပေးလိုက်သည်။ ထို့နောက် သူတို့အားလုံးကိုဆေးကြောပေးပြီးသောအခါတွင်–“သင်တို့ကငါ့ကိုအရှင်ဘုရားဟူ၍၎င်း ၊ သခင်ဟူ၍၎င်း၊ ခေါ်ကြသည်၊ ထိုသို့လဲသင်တို့ခေါ်ကြရလိမ့်မည်၊ အကြောင်းမူကား ငါသည်ထိုသို့အမှန်ဖြစ်သောကြောင့်ဖြစ်သည်။ အကယ်၍ငါသည် သင်တို့၏အရှင်ဘုရားနှင့်သခင်ဖြစ်နေလျက်နှင့် သင်တို့၏ခြေကိုဆေးပေးလျှင်၊ သင်တို့သည်လည်းတဦးခြေကိုတဦး ဆေးပေးသင့်လှပေ၏။ အကြောင်းမူကား၊ ငါသည်သင်တို့အတွက်ငါလုပ်ပေး

သည့်နည်းတူ သင်တို့လိုက်နာလုပ်ဆောင်ကြဖို့ရန် စံနမူနာကိုပေးအပ်လိုက်သောကြောင့်ဖြစ်သည်။ သင်တို့ကို ငါအမှန်ကန်ဆုံးပြောပြမည်၊ အစေခံသည်သူ့သခင်ထက်မကြီးမြတ်နိုင်၊ ထို့အတူပင် စေလွှတ်ခြင်းခံရသူသည် စေလွှတ်သောသူထက်မကြီးမြတ်နိုင်။ အကယ်၍ ဤအကြောင်းအရာများကိုသင်တို့သိနားလည်ကြလျှင်၊ သင်တို့လုပ်ဆောင်ကြသောအခါပျော်ရွှင်ကြလိမ့်မည်”–ဟူ၍သွန်သင်ပေးခဲ့သည် (ယောဟန် ၁၃း၁၃–၁၇)။

ဤအမှန်တရားကို ရှင်ပေါလုက (ဖိလိပ္ပိ ၂း၅–၈)တွင်လဲ သွန်သင်ပေးထားသည်။ ကျွန်တော်တို့သည်ကျေးဇူးတော်အားဖြင့် သခင်ယေရှု၏ခြေတော်ရာအတိုင်းလိုက်လျှောက်ကြရမည်။ ထို့အတူ ကျွန်တော်တို့သည် သခင်ဘုရား၏နှိမ့်ချခြင်းအတိုင်းအတာ၏အလွန်သေးငယ်သောအစိတ်အပိုင်းကလေးမျှလောက်သာ လိုက်လျှောက်နိုင်ကြလိမ့်မည်ဖြစ်သော်လည်း၊ ကျွန်တော်တို့ကိုခေါ်ထားခြင်းသည် ထိုသို့လုပ်ဖို့ရန်ဖြစ်၏။ ဘုရားသခင်၏နှိမ့်ချသောအစေခံများဖြစ်ကြသည်နှင့်အညီ ကျွန်တော်တို့သည်တဦးနှင့်တဦးအစေခံသောသူများဖြစ်ကြရမည်။

## နှိမ့်ချသောသူအတွက်ဆုလာဘ်

ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်သည် ဖြစ်နိုင်သမျှအနိမ့်ဆုံးဒီဂရီအထိအောင် သူ့ကိုယ်သူနှိမ့်ချခဲ့ယုံမျှသာမကပါ၊ ထိုသို့သောသူ၏နှိမ့်ချခြင်းကြောင့် သူသည်မြင့်မားစွာချီးမြှောက်ခြင်းကိုလဲခံစားလိုက်ရသည်။ ကောင်းမြတ်လှသော ဖိလိပ္ပိဩဝါဒစာအခန်းကြီး(၂)ထဲတွင် သူ၏ချီးမြှောက်ခြင်းခံစားရပုံကိုဆက်လက်ဖေါ်ပြပေးထားသည်။ သူ၏နှိမ့်ချခြင်းအမှုတော်နှင့်ဆက်စပ်ပေးခြင်းဖြစ်သော“ထိုသို့ဖြစ်သောကြောင့်”ဟူသောစကားလုံး၏နောက်တွင် –“ဘုရားသခင်သည်လည်းသူ့ကိုမြင့်မားစွာချီးမြှောက်တော်မူ၏၊ ထို့အတူ နာမတကာတို့၏အထက်မှနာမတော်ကိုသူ့အားပေးအပ်တော်မူ၏။ ထိုသို့အားဖြင့် သခင်ယေရှု၏နာမတော်ရှေ့မှောက်တွင် ကောင်းကင်ဘုံမှအရာအားလုံးသည်၄င်း၊ မြေကြီးပေါ်မှအရာအားလုံးသည်၄င်း၊ မြေကြီးအောက်မှအရာအားလုံးသည်၄င်း၊ ဒူးထောက်ကိုးကွယ်ကြရမည်ဖြစ်၏။ ထို့အတူ ခမည်းတော်ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ရာ သခင်ခရစ်တော်သည်အရှင်သခင်ဖြစ်တော်မူ၏–ဟူ၍ လျှာအားလုံးကဝန်ခံကြရလိမ့်မည်ဖြစ်၏”–ဟူ၍ဆက်လက်ဖေါ်ပြပေးထားသည်(၂း၉–၁၁)။

သခင်ခရစ်တော်၏နှိမ့်ချခြင်းသည် လူတဦးလုပ်ဆောင်နိုင်စွမ်းထက်ပို၍နက်ရှိုင်းလှသလိုပင်၊ သူ့အားပေးလိုက်သောချီးမြှင့်မြှောက်စားခြင်းသည်လည်း လူတဦးရယူနိုင်သောအတိုင်းအတာထက်ပို၍မြင့်မားလှပါ၏။ သူသည်ဘုရားသခင်၏လက်ျာတော်ဖက်တွင်–တန်ခိုးအာဏာစက်အားလုံးတို့အထက်ပို၍မြင့်မားလှစွာချီးမြှောက်ထားခြင်းခံရသလို၊ သရဖူမြောက်မြားစွာဖြင့်ဆောင်းပေးခြင်းခံရပြီး၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင် အဖြစ်ခန့်အပ်ပေးခြင်းခံလိုက်ရပါ၏။

ဤအကြောင်းကြောင့်ပင်လျှင် ကျွန်တော်တို့သည်လည်း နှိမ့်ချခြင်းလမ်းပေါ်တွင်ချီးမြှောက်ခြင်းခံစားကြရခြင်းဖြစ်သည်။ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့သည်သခင်ခရစ်တော်၏နောက်လိုက်များဖြစ်ကြသည်။ သူလျှောက်ခဲ့သောလမ်းကိုကျွန်တော်တို့လိုက်လျှောက်ကြသည်။ ထို့အတူ ကျွန်တော်တို့၏အရှင်ဘုရားနှင့်သခင်၏ခြေတော်ရာအတိုင်း ကျွန်တော်တို့လိုက်လျှောက်ကြသောလမ်းကြောင်းသည် နှိမ့်ချခြင်းလမ်းဖြစ်ယုံသာမကပါ၊ အလွန်မြင့်မားသောဘုန်းတန်ခိုးရှိရာသို့ ဦးဆောင်သွားသောလမ်းကြောင်းလဲဖြစ်ပါ၏။

## မာနကြီးခြင်းအတွက်အပြစ်ဒဏ်

ဆန့်ကျင်ဖက်အကြောင်းသည်လည်းမှန်ကန်ပါ၏။ ဤအရာသည် ပုံဥပမာ၏အဓိကအချက်ဖြစ်သည်။ ပွဲတော်ထဲတွင် အဆင့်အမြင့်ဆုံးနေရာကိုလုယက်နေကြသောသူများသည် သူတို့အပေါင်းအသင်းများရှေ့တွင် အရှက်ကွဲကြရသည်။ ပို၍ကြီးမြတ်သောသူများရောက်ရှိလာသောအခါတွင် သူတို့ကသူတို့နှင့်ထိုက်တန်သောနေရာဟုကြွေးကြော်နေသော ဂုဏ်ထူးဆောင်နေရာမှနေ၍ဖယ်ရှားပစ်ခြင်းခံကြရတော့သည်။ အမြင့်ဆုံးနေရာကိုအပိုင်စီးထားကြသူများသည် သူတို့အပေါင်းအသင်းများ၏ရှေ့တွင်ပင် စားပွဲ၏အနိမ့်ဆုံးနေရာသို့အတင်းအကျပ်ပို့ပေးလိုက်ခြင်းခံကြရတော့သည်။

မာနကြီးသောဖါရိရှဲများအတွက်လဲထိုသို့ပင်ဖြစ်ပေမည်။ သူတို့သည် ဘုရားသခင်၏အိမ်တော်ထဲတွင်အမြင့်မားဆုံးချီးမြှောက်ခြင်းခံရသောနေရာကိုအပိုင်စီးထားကြသည်။ ဤနေရာကိုသူတို့အပိုင်စီးကြရာ၌လည်း သူတို့၏ကြိုးစားအားထုတ်မှုကြောင့်ထိုက်တန်စွာရရှိကြခြင်းဖြစ်သည်ဟု စိတ်ချယုံကြည်စွာအပိုင်စီးကြခြင်းဖြစ်၏။ သို့သော်လည်း ထိုပွဲတော်သို့ သူတို့ထက်မြင့်မြတ်သောသူတဦးရောက်ရှိလာတော့၏။ ပြည့်တန်ဆာတဦး၊ အခွန်ခံတဦး၊ အပြစ်သားတဦး–မည်သူဘဲဖြစ်ဖြစ် ထူးခြား၍မသွားပါ။ ထိုသူတို့သည်ဖါရိရှဲတို့ထက်ပို၍မြင့်မြတ်ကြသည်၊ အကြောင်းမူကား သူ

တို့၏မြင့်မြတ်ခြင်းကို သခင်ယေရှုခရစ်တော်၏လက်ဝါးကပ်တိုင်ထဲ၌ယုံကြည်ခြင်းအားဖြင့် ရရှိထားကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် မာနကြီးသောသူများသည် အမြဲတမ်းဖယ်ရှားခြင်းနှိမ့်ချခြင်းခံကြရမည်ဖြစ်သည်။ ဤအရာသည် ဤဘဝတွင်ပင်မှန်ကန်နေပြီဖြစ်၏။ အတိုင်းအတာတစုအတွင်းတွင် ဘုရားသခင်၏လူများအတွက်လဲ ဤအ ရာ မှန်ကန်ပါသည်။ ဘုရားသခင်၏လူများသည် အမြဲတမ်းနှိမ့်ချမနေနိုင်ကြပါ။ တခါတရံ မာန်မာနကအသာစီးရသွားတတ်သည်။ ထိုအခြေအနေ၌ဘုရားသခင်၏မျက်နှာသာပေးခြင်းလက်လွှတ်လိုက်ရကြောင်း သူတို့သိလိုက်ကြသည်။ ထိုသူများအတွက်လဲ 'မာနသည်ကျဆုံးခြင်းမတိုင်မီ'ရောက်လာခြင်းမှန်ကန်ပါ၏။ တမန်တော်ပီတာ ဘဝတွင်လည်း ဤအတိုင်းပင်ဖြစ်ခဲ့ရ၏။ သူသည် သူ့ကိုယ်ပိုင်ခွန်အား၊ စွမ်းဆောင်ရည်တို့ကိုအထင်ကြီးလျက် သစ္စာမဖောက်ပါဘူးဟု ကျယ်လောင်စွာကြွေးဝါခဲ့သည်။ သို့သော် သူသည်သူ့ကိုယ်ပိုင်စွမ်းအားပေါ်တွင်ရပ်တည်လျက်၊ အခြားသောတမန်တော်များ၏အထက်မှာသူ့ကိုယ်သူချီးမြှောက်လျက်၊ သူတယောက်တည်းသာလျှင် သခင်ဘုရားနောက်ကို လိုက်နိုင်တော့မယောင်ယောင် မာန်ထောင်နေခဲ့သည်။ သူ မည်မျှလောက်နှိမ့်ချခြင်းခံခဲ့ရပါသနည်း၊ သူ၏ကျဆုံးခြင်း မည်မျှ လောက်ကြီးမားလှပါသနည်း!

ဤအဖြစ်မျိုးသည် တခါတရံ ကျွန်တော်တို့ဘဝများထဲတွင်လဲ မရှိမဖြစ်လို့အပ်လာတတ်သည်။ ကျွန်တော်တို့ ဤအဖြစ်မျိုးကိုကြောက်လန့်ကြသည်။ ထို့ကြောင့်လဲ ကျွန်တော်တို့၏ဘဝထဲတွင် မိမိကိုယ်မိမိ ထိုမျှလောက် အထင်ကြီးသော၊ ဘဝင်မြင့်သောစိတ်များပေါ်ပေါက်လာခွင့်မပြုဖို့ရန် သခင်ဘုရားထံတွင်ဆုတောင်းကြရသည်။ မည်သို့ပင်ဖြစ်ပါစေ၊ အကယ်၍ဤအဖြစ်မျိုးပေါ်ပေါက်လာလျှင်လဲ၊ သခင်ဘုရားက သူချစ်သောသူအတွက် ကိုယ်ချင်းစာသောစိတ် ဖြင့် ပြန်လည်တည့်မတ်ပေးမည်ဖြစ်၏။

သို့သော်လဲ၊ ဆိုးညစ်သောသူတို့သည် မည်သည့်အခါမှချီးမြှောက်ခြင်းခံကြရလိမ့်မည်မဟုတ်ပါ။ သူတို့သည် သူတို့ကိုယ်ကို ဘုရားသခင်၏အထက်၊ သူတို့အပေါင်းအပေါ်များ၏အထက်တွင်ချီးမြှောက်ထားတတ်ကြသည်။ သူတို့သည်အသေအချာပင်နှိမ့်ချခြင်းခံကြရသည်။ ဤလက်ရှိဘဝမှာပင် အမှန်တကယ်နှိမ့်ချခံကြရသည်။ ဘုရားသခင်က သူတို့ကိုသူတို့၏အဖြစ်များထဲသို့ ပို၍ပို၍နက်ရှိုင်းစွာဆွဲခေါ်လျက်ရှိသည်။ သူတို့သည် ဘုရားသခင်၏အမျက်ဒေါသနှင့် စိတ်အလိုမကျခြင်းထဲသို့ အထက်ကထက်ပို၍နက်ရှိုင်းစွာကျရောက်လျက်ရှိနေ၏။

သို့သော်လည်း၊ ဤဓဏ်ခတ်ခြင်းသည် ယခုဘဝတွင်ဘယ်တော့မှအပြည့်အဝအကောင်အထည်ပေါ်မည်မဟုတ်ပါ။ မကြာခဏဆိုသလိုပင် ဆိုးညစ်သောသူတို့သည်ချီးမြှောက်ခြင်းခံနေကြရသလိုတွေ့ရသည်။ အကြောင်းမှုကား သူတို့အတွက်အဆုံးစွန်နှိမ့်ချခြင်းသည် နောက်ဆုံးသောတရားစီရင်ရာနေ့ကိုစောင့်ဆိုင်းနေဆဲဖြစ်သောကြောင့် ဖြစ်၏။ ထိုနေ့ရက်တွင်လဲ သူတို့သည်ဘုရားသခင်၏အိမ်တော်တွင်အမြင့်မြတ်ဆုံးသောထိုင်ခုံကိုရထိုက်ကြောင်း–"ကျွန်တော်တို့သည်ကိုယ်တော့်နာမတော်အားဖြင့် ပရောဖက်ပြုခဲ့ကြသည်မဟုတ်လော? ထို့အတူ ကိုယ်တော့်နာမတော်အားဖြင့်နတ်ဆိုးများကိုနှင့်ထုတ်ခဲ့ကြသည်မဟုတ်လော? ထို့အတူ ကိုယ်တော့်နာမတော်အားဖြင့် ကောင်းမြတ်သောအမှုများကိုပြုလုပ်ခဲ့ကြသည်မဟုတ်လော?"–ဟူ၍ကြွေးကြော်ကြလိမ့်ဦးမည်ဖြစ်၏(မဿဲ ၇း၂၂)။ သို့သော် ကောင်းကင်ဘုံမင်္ဂလာပွဲတော်ပိုင်ရှင်က–"သင်တို့ကိုငါဘယ်တုန်းကမှမသိ၊ ငါ့ထံမှထွက်သွားကြလော့"–ဟုပြန်ပြောတော်မူမည်ဖြစ်၏။ ထို့နောက်တွင် သူတို့အပေါင်းအပေါ်အားလုံးရှေ့မှောက်တွင်ပင် ထာဝရနှိမ့်ချခြင်းကိုခံရလျက် ငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းသာရှိသော အမှောင်ကမ္ဘာထဲသို့ပို့ဆောင်ခြင်းခံကြရမည်ဖြစ်၏။

## နှိမ့်ချသောသူ၏ ချီးမြှောက်ခံခြင်းအကြောင်း

နှိမ့်ချသောသူသည် ကွဲပြားခြားနားစွာပင်ချီးမြှောက်ခြင်းခံရလိမ့်မည်ဖြစ်၏။ သူတို့သည် မင်္ဂလာဆောင်ပွဲသို့ တက်ရောက်ဖို့အခွင့်အရေးလုံးဝမရှိကြပါဟူ၍သိနားလည်လျက် တက်ရောက်လာကြလိမ့်မည်ဖြစ်၏။ ထို့ကြောင့် သူတို့သည်အလွန်အဆင့်နိမ့်သောနေရာကိုသာယူကြလိမ့်မည်ဖြစ်၏၊ အကြောင်းမူကား ထိုနေရာသည်ပင်သူတို့အတွက် အလွန်ကြီးမြတ်နေပြီဖြစ်သောကြောင့်ဖြစ်၏။ သို့သော် ညစာပွဲတော်ကျင်းပသူအိမ်ရှင်ကသူတို့ကိုတွေ့သွားချိန်တွင်၊ သူကသူတို့ကို ပို၍မြင့်သောနေရာသို့လာဖို့လှမ်းခေါ်လိုက်မည်ဖြစ်၏၊ အကြောင်းမူကား သူတို့အတွက်ဂုဏ်ထူးဆောင်နေရာသည် အိမ်ရှင်၏လက်ျာဘက်နေရာဖြစ်သောကြောင့်ဖြစ်၏။

ဤအဖြစ်သည်ယခုဘဝထဲတွင်လဲဖြစ်ပေါ်နေ၏။ နှိမ့်ချသောသူတို့သည်ချီးမြှောက်ခြင်းခံကြရ၏။ ဤနေရာတွင် နှိမ့်ချခြင်းသည်ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်ကြောင်း ရှင်းလင်းစွာနားလည်ထားရမည်ဖြစ်၏။ ဤအရာသည် သီသြလော်ဂျီဆိုင်ရာအကောင်အထည်မဲ့အမှန်တရားတစုမျှသာမဟုတ်ပါ၊ ဤအရာသည် ဤသို့သောနှိမ့်ချခြင်းထဲတွင်လျှောက်လှမ်းနေကြသူများ၏ အနက်ရှိုင်းဆုံးသောဆက်ကပ်အပ်နှံမှုဖြစ်သည်။ သူတို့သည် လက်ဝါးကပ်

တိုင်တော်ကိုဖြတ်သန်း၍ရောက်ရှိလာကြခြင်းဖြစ်ကြောင်းကို လေးနက်စွာသတိပြုမိနေကြ၏။ ထို့အတူ သူတို့အားချီးမြှောက်ခြင်းသည်လဲ ကျေးဇူးတော်၏ဆုလာဘ်သာဖြစ်ပြီး၊ သူတို့ကြိုးစားမှုကြောင့်မဟုတ်ဘဲသခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်မှတဆင့်ရရှိခြင်းသာဖြစ်ကြောင်းကိုလဲသိမြင်ကြသည်။ ယခုအချိန်တွင် ထိုဆုလာဘ်ကို သူတို့ကိုယ်ပိုင် တန်ခိုးစွမ်းအားဖြင့်သိမ်းပိုက်ကြလိမ့်မည်လား? နောက်ဆုံးအချိန်ကျမှ မာနထောင်လွှားခြင်းက အရာအားလုံးကိုဖျက်ဆီးပစ်လိုက်လေမလား? ဘုရားသခင်တားဆီးတော်မူပါ!

သူတို့သည်ဤဘဝတွင် လူတို့၏မျက်နှာသာပေးခြင်းနှင့် ကျေးဇူးတော်ကိုမခံစားရဘဲလဲရှိနိုင်သည်။ မှန်လှပေ၏၊ အကယ်၍သူတို့သည်နူးညံ့ခြင်းနှင့်နှိမ့်ချခြင်းအထဲတွင်လျှောက်လှမ်းကြပါလျှင် သူတို့အားမုန်းတီးခြင်း၊အထင်သေးခြင်းခံရကောင်းခံရနိုင်သည်။ သို့သော် သူတို့အားသူတို့၏ဘုရားသခင်ကချီးမြှောက်နေသည်။ သူတို့သည် ကျေးဇူးတော်နှင့်မျက်နှာသာပေးခံရခြင်းထဲတွင် ပို၍ပို၍မြင့်မားစွာမြှောက်စားခြင်းခံနေကြရ၏။ သူတို့သည် ဘုရားသခင်အားသိကျွမ်းခြင်းသည်ထာဝရအသက်ပင်ဖြစ်သည်ဟု ကျမ်းစာကပြောသောသူအားသိကျွမ်းခြင်းပညာ၌တိုးတက်လျက်ရှိကြသည်။ သူတို့အတွက် အသက်ထက်ပင်ပို၍အရေးကြီးသော သူတို့ဘုရားသခင်၏အကြင်နာမေတ္တာကို ပို၍ပြည့်ဝစွာ တွေ့ကြုံခံစားလျက်ရှိကြသည်။

ထိုမျှသာမကသေးပါ။ နောက်ဆုံးသောအချိန်တွင် ကောင်းကင်နှင့်မြေကြီးကိုတရားစီရင်မည့်တရားသူကြီး ၏ထိုင်ခုံရှေ့သို့ရောက်လာကြချိန်၌သူတို့သည်ကောင်းကင်ဘုံ၏ဘုန်းတန်ခိုးနှင့်မြှောက်စားခြင်းခံကြရမည်ဖြစ်၏။ ထိုအခါတွင်သူတို့က–"အရှင်ဘုရား၊ ကိုယ်တော့်စိတ်တော်နှင့်တွေ့သောအမှုမျိုးကို ကျွန်တော်မျိုးတို့မည်သည့်အချိန် တွင်လုပ်ခဲ့မိပါသနည်း? ကိုယ်တော်မည်သည့်အချိန်က–ဆာလောင်နေ၍ကျွေးမွေးခြင်း၊ အဝတ်အစားမရှိ၍အဝတ် ပေးဝတ်ခြင်း၊ ချမ်းအေးနေ၍နွေးထွေးအောင်လုပ်ပေးခြင်း– လုပ်ခဲ့မိပါသနည်း? မည်သည့်အချိန်က ကိုယ်တော့်ကိုထောင်ထဲသို့လာတွေ့ခဲ့ပါသနည်း? ကျွန်တော်တို့ကောင်းတာဘာတခုမျှမလုပ်ခဲ့ရပါ။ ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းအားလုံးပေါင်းသည် ညစ်ညမ်းသောဝတ်လုံမျှသာဖြစ်ပါ၏"–ဟုအော်ဟစ်မိကြလိမ့်မည်။ သို့သော် သခင်ဘုရားကသူတို့အား–"နှိမ့်ချခြင်းလမ်းသည် ချီးမြှောက်ခြင်းလမ်းပင်ဖြစ်၏။ ထိုလမ်းမှတပါးအခြားမရှိ၊ အကြောင်းမူကားဤလမ်းသည်လက်ဝါးကပ်တိုင်လမ်းဖြစ်သောကြောင့်ပင်ဖြစ်၏။ သင်တို့က သင်တို့၏ဖြောင့်မတ်ခြင်းအားလုံးသည် ငါ့ထံတွင်သာရှိပါ၏ဟုဝန်ခံကြသည်။ ဤသည်ပင် ချီးမြှောက်ခြင်းခံရာလမ်းဖြစ်သည်။ ငါ့ညီအကိုအငယ်ဆုံးတယောက်အတွက်သင်တို့လုပ်ဆောင်ပေးသောအရာမှန်သမျှသည် ငါ့ကိုလုပ်ဆောင်ပေးခြင်းပင်ဖြစ်၏။ သင်တို့သည် ငါ့လူများထဲမှအနိမ့်ဆုံးလူ၏ခြေထောက်ကိုဆေးကြောပေးခဲ့ကြ၏။ ဘုရားသခင်၏ပျော်ရွှင်ခြင်းထဲသို့ ဝင်သွားကြပါလော့"–ဟုပြန်ပြောတော်မူမည်ဖြစ်၏။

သူတို့၏ချီးမြှောက်ခြင်းအခမ်းအနားသည် လောကထဲရှိစဉ်အခါကသူတို့ကိုအထင်သေးရှုံ့ချခဲ့ကြသူအားလုံးတို့၏မျက်စိရှေ့တွင်ပြုလုပ်လိမ့်မည်ဖြစ်၏။ သမိုင်းကြောင်းကသူ၏ငြီးငွေ့ဘွယ်လမ်းကို မောင်းနှင်နေစဉ်အခါက သူတို့သည် လှောင်ပြောင်သရော်ခြင်းခံခဲ့ကြရ၏။ သူတို့သည်လူ့အဖွဲ့အစည်း၏ တန်ဖိုးမဲ့စွန့်ပစ်ပစ္စည်းသဖွယ် အထင်သေးခြင်း၊ ဘေးဖယ်ထားခြင်းခံခဲ့ကြရ၏။ သူတို့၏ယုံကြည်ခြင်းကိုလှောင်ပြောင်သရော်ခြင်း၊ သူတို့၏သစ္စာရှိခြင်းကိုရှက်စရာကိစ္စဖြစ်အောင်လုပ်ခြင်းခံခဲ့ကြရ၏။ သို့သော်ယခုအခါ သူတို့အားမုန်းတီးကြသောသူတို့၏ မျက်စိများရှေ့တွင်ပင် သူတို့အားဖြစ်နိုင်သမျှအမြင့်ဆုံးဘုန်းစည်းစိမ်ဖြင့်ချီးမြှောက်ခြင်းခံနေကြရပြီး၊ တချိန်ထဲတွင် သူတို့၏ရန်သူများအားလုံးသည် သန့်ရှင်းသူများနှင့်ကောင်းကင်တမန်များရှေ့တွင် ပြောင်ပြောင်ကြီးအရှက်ကွဲနေကြရပြီဖြစ်၏။

နောက်ဆုံးသောအချိန်တွင် ဘုရားသခင်၏ဘုန်းထင်ရှားသောလူများနှင့်အတူ ကောင်းကင်ဘုံသို့ရောက်ရှိသွားချိန်တွင် ကျွန်တော်တို့အားမထင်မှတ်ဘဲအံ့သြသွားစေမည့်အရာတခုမှာ သခင်ယေရှုက သူ၏ပုံဥပမာထဲတွင်သွန်သင်ပေးထားသည့်အမှန်တရားပင်ဖြစ်ပေမည်။ ၎င်းမှာ–လောကထဲတွင် ချီးမြှောက်ခြင်းခံရသူများ၊ တန်ခိုးကြီးသူများ၊ ရာထူးဂုဏ်ထူးကြီးမားသူများ၊ ထင်ပေါ်ကျော်ကြားသူများ–သည် ကောင်းကင်နိုင်ငံတော်ထဲသို့ဝင်ခွင့်ရခဲ့လျှင်သော်မှ ပို၍နိမ့်သောနေရာများကိုသာရရှိကြလိမ့်မည်ဖြစ်၏။ သို့သော်လဲ၊ လောကထဲတွင်နိမ့်ကျသူ၊ အထင်သေးခံရသူများသည် အထူးစပါယ်ရှယ်ချီးမြှောက်ခြင်း၊ဘုန်းစည်းစိမ်ခံစားခြင်းရှိရာနေရာများကိုရရှိကြလိမ့်မည်ဖြစ်၏။ ဘုရားသခင်၏လူများသည် လောကသားအားလုံးတို့၏မျက်စိရှေ့မှာပင် လူသိရှင်ကြားဖြစ်စွာဖြင့် သူတို့ခမည်းတော်၏အိမ်တော်ထဲသို့ခေါ်ဆောင်သွားခြင်းခံကြရမည်ဖြစ်၏။ သူတို့သည်သခင်ခရစ်တော်နှင့်အတူ ဘုရားသခင်၏လက်ျာတော်ဖက်တွင်ထိုင်ကြရမည်ဖြစ်၏။ ထိုနေရာတွင် ဘုရားသခင်၏ထာဝရပင်္ဂိုညာဉ်ကျေးဇူးတော် စားသောက်ပွဲကြီး၌ထာဝရကာလပတ်လုံး ပျော်ရွှင်ကြရလိမ့်မည်ဖြစ်၏။ ထိုနေရာတွင် သူတို့လုပ်ခဲ့သောအရာများအတွက်ဝါကြွားခြင်းမျိုးကိုသူတို့ဘယ်တော့မှ ထပ်လုပ်ကြတော့မည်မဟုတ်ပါ၊ အကြောင်းမှာ ထာဝရကာလနှင့်ထိုက်တန်သောအရာတစုံတခုမျှ

သူတို့ထံတွင်မရှိကြောင်း သိလာကြသောကြောင့်ဖြစ်ပေ၏။ သူတို့သည် သူတို့၏ဘုရားသခင်အထဲတွင်၊ သူတို့သခင်ဘုရား၏လက်ဝါး ကပ်တိုင်တော်ထဲတွင် ဘုန်းထင်ရှားလျက်ရှိကြလိမ့်မည်ဖြစ်၏။
(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++++++

ရောမ ၁း၁–၃၂ (ကျမ်းဘုရင်မူ)
၁ – ပေါလ်၊ ယေရှုခရစ်၏ကျွန်၊ တမန်တော်ဖြစ်ရန်အခေါ်ခံရသူ၊ ဘုရားသခင်၏သတင်းကောင်းသို့ ခွဲခြားခြင်းခံရ
သူဖြစ်သည်။ ၂– ၃ – သူ၏သားတော် ငါတို့၏သခင် ယေရှုခရစ်တော်နှင့်ပတ်သက်၍ ဘုရားသခင်က ပရောဖက်
များအားဖြင့် ကျမ်းစာတွင် ကတိပေးထားပါသည်၊ သူသည် အသွေးအသားအားဖြင့် ဒါဝိဒ်၏မျိုးနွယ်မှ လာသူဖြစ်
သည်၊ ၄ – တန်ခိုးတော်နှင့်အတူ ဘုရားသခင်၏သားတော်ဟု ကြေညာခြင်းခံရသူဖြစ်သည်၊ သန့်ရှင်းခြင်း၏ဝိညာဉ်
အားဖြင့်၊ သေခြင်းမှထမြောက်သူဖြစ်သည်၊ ၅ – သူ့အားဖြင့် ငါတို့သည် ကျေးဇူးတော်နှင့်တမန်တော်ဖြစ်ခြင်းကို ရရှိ
ကြသည်၊ ၆ – ထိုသို့သောသူတို့အထဲတွင် ယေရှုခရစ်တော်၏ခေါ်ခြင်းခံရသူ သင်တို့လည်း ပါပါသည်။ ၇ – ဘုရား
သခင်၏ချစ်ခြင်းကိုခံရကြသူ၊ သန့်ရှင်းသူများဟုခေါ်ခြင်းခံရကြသူ၊ ရောမမြို့၌ရှိကြသူအားလုံး၌၊ ငါတို့၏ဖခင်ဖြစ်သူ
ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းသည် ရှိနေပါစေသတည်း။ ၈ – ပထမအ
နေနှင့် သင်တို့အားလုံးအတွက် ငါသည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်၊ အဘယ်
ကြောင့်ဆိုသော် သင်တို့၏ယုံကြည်ခြင်းသည် တကမ္ဘာလုံး၌ပြောနေရသောအရာဖြစ်သောကြောင့်ဖြစ်သည်။ ၉ –သင်
တို့ကို ငါ၏ဆုတောင်းခြင်း၌မပြတ်တမ်းဖေါ်ပြသည်မှာ ဘုရားသခင်သည် ငါ၏သက်သေဖြစ်ပါသည်၊ သူ့ကို ငါ၏ ဝိ
ညာဉ်ဖြင့် အမှုဆောင်သည်၊ သူ၏သားတော်၏သတင်းကောင်းဟောပြောခြင်း၌ဖြစ်သည်။ ၁၀ – ဆုတောင်းသည်မှာ
မည်သည်နည်းဖြင့်ဖြစ်စေ၊ ဘုရားသခင်၏အလိုတော်အားဖြင့်၊ နောက်ဆုံးတွင်၊ သင်တို့ထံသို့လာရောက်လျှက် ဖြစ်
ထွန်းအကျိုးရှိသော ခရီးစဉ်တခု ရနိုင်ရန်ဖြစ်သည်။ ၁၁ – ငါ သင်တို့ကို အလွန်မြင်ချင်သည်၊ သင်တို့ထံသို့ အချို့
သောဝိညာဉ်ရေးရာလက်ဆောင်တို့ကို ပေးဝေချင်ပါသည်၊ အဆုံးတွင် သင်တို့သည် အခိုင်အမာဖြစ်လာကြရန်ဖြစ်
သည်။ ၁၂ – ဆိုလိုသည်မှာ ငါသည် သင်တို့နှင့်အတူ နှစ်သိမ့်ခြင်းကို ခံရနိုင်ရန်ဖြစ်သည်၊ သင်တို့နှင့်ငါ အပြန်အ
လှန်ယုံကြည်ချက်ရှိနိုင်ကြမည်ဖြစ်သည်။ ၁၃ – ယခုတွင် ညီအကိုတို့ ငါသည် သင်တို့ထံ လာရောက်ဖို့ ရည်ရွယ်ချက်
ရှိကြောင်း၊ ထိုသို့ဖြင့် သင်တို့အထဲ၌လည်း အသီးအပွင့်အချို့ ရှိစေချင်ကြောင်းကို မသိဘဲနေစေချင်းငှာ အလိုမရှိ၊
(သို့သော် တားမြစ်ခြင်းခံရဆဲဖြစ်ပါသည်)၊ ၁၄ – ငါသည် ဂရိလူတို့ထံ အကြွေးတင်သကဲ့သို့ လူရိုင်းများထံလည်း အ
ကြွေးရှိပါသည်၊ ပညာရှိထံနှင့် ပညာမရှိသူတို့ထံ၌လည်း အကြွေးရှိသူဖြစ်သည်။ ၁၅ – ထို့ကြောင့် ငါသည် ငါတတ်
နိုင်သမျှအတိုင်းအတာအထိ၊ ရောမမြို့တွင်ရှိနေကြသောသင်တို့ထံ၌လည်း သတင်းကောင်းကိုဟောပြောရန် အသင့်
ရှိနေပြီဖြစ်သည်။ ၁၆ – အဘယ်ကြောင့်ဆိုသော် ငါသည် ခရစ်တော်၏သတင်းကောင်းအတွက် မရှက်ပါ၊ အဘယ်
ကြောင့်ဆိုသော် သတင်းကောင်းသည် ယုံကြည်သူအယောက်တိုင်းကို ကယ်တင်ခြင်းသို့ရောက်စေနိုင်သော ဘုရားသ
ခင်၏တန်ခိုးတော်ဖြစ်သည်၊ ဂျူးတို့က ပထမ၊ ထို့နောက် ဂရိတို့ဖြစ်သည်။ ၁၇ – အဘယ်ကြောင့်ဆိုသော် ဤနေရာ
တွင် ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့ ဖွင့်ပြလျှက်ရှိနေပါသည်၊ ဖြောင့်မတ်သော
သူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါမည်ဟု ရေးထားသကဲ့သို့ဖြစ်သည်။ ၁၈ – အဘယ်ကြောင့်ဆိုသော် ဘုရား
သခင်၏အမျက်ဒေါသသည် ကောင်းကင်မှနေ၍ ဘုရားတရားမဲ့စွာနေကြသူများ၊ အမှန်တရားကို မဖြောင့်မတ်စွာ
ဆွဲကိုင်ကြသည့် လူတို့၏မဖြောင့်မတ်ခြင်းများကိုဆန့်ကျင်လျှက် ဖွင့်ပြနေပါသည်။ ၁၉ – အဘယ်ကြောင့်ဆိုသော်
ဘုရားသခင်ကိုသိဖို့ရန်အကြောင်းများကို သူတို့ထဲ၌ ရှင်းလင်းစွာ ဖေါ်ပြပြီးဖြစ်သည်။ ဘုရားသခင်က သူတို့ကို ပြသ
ပြီးဖြစ်သည်။ ၂၀ – အဘယ်ကြောင့်ဆိုသော် သူ၏မျက်လုံးများဖြင့်မြင်၍မရသောအကြောင်းများကို ကမ္ဘာကြီးအား
ဖန်ဆင်းထားခြင်းမှနေ၍ ရှင်းလင်းထင်ရှားစွာ တွေ့မြင်နိုင်သည်၊ သူလုပ်ထားသောအရာများဖြင့် နားလည်နိုင်သည်၊
သူ၏ထာဝရတန်ခိုးတော်နှင့် အဖြစ်တော်ကိုပင် သိနိုင်ကြသည်၊ ထို့ကြောင့် မည်သူမျှ ဆင်ခြေတက်၍မရပါ။ ၂၁ –
သူတို့သည် ဘုရားသခင်ကိုသိကြသော်လည်း၊ သူ့ကို ဘုရားသခင်အဖြစ် ဘုန်းတော်မချီးမွမ်းကြ၊ ကျေးဇူးလည်း မ
တင်ကြ၊ သို့သော် သူတို့၏စိတ်ကူးယဉ်ခြင်းများဖြင့် အချည်းနှီးဖြစ်စေကြသည်၊ သူတို့၏ မိုက်မဲသော နှလုံးသားများ
သည် မှောင်မိုက်သွားကြပါတော့သည်။ ၂၂ – သူတို့ကိုယ်ကို ပညာရှိများဟုပြောနေကြလျှက်၊ မိုက်မဲသူများ ဖြစ်လာ
ကြသည်။ ၂၃ – ထို့အပြင် မဖေါက်ပြန်နိုင်သောဘုရားသခင်၏ ဂုဏ်ကျက်သရေကို ဖေါက်ပြန်တတ်သော လူ၏ရုပ်
တု၊ ငှက်များ၊ ခြေလေးချောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၏ရုပ်တုများအဖြစ်သို့ ပြောင်းပစ်ကြသည်။ ၂၄ –ထို့
အတွက်ကြောင့် ဘုရားသခင်သည် သူတို့ကို သူတို့၏ကိုယ်ပိုင်နှလုံးသားများ၏တပ်မက်ခြင်းများအားဖြင့် ညစ်ညူး

ခြင်းထဲသို့ အပ်လိုက်ပါတော့သည်၊ သူတို့အချင်းချင်းကြားထဲတွင် သူတို့၏ခန္ဓာကိုယ်များကို ရှုတ်ချကြရန် အပ်လိုက်ခြင်းဖြစ်သည်။ ၂၅ – သူတို့သည် ဘုရားသခင်၏အမှန်တရားကို လိမ်ညာခြင်းသို့ ပြောင်းပစ်ကြသူများဖြစ်သည်၊ ဖန်ဆင်းရှင်ထက် ဖန်ဆင်းခံများကို ဝတ်ပြုကိုးကွယ်အမှုဆောင်ကြသူများဖြစ်ကြသည်။ ၂၆ – ထိုသို့ပြုခြင်းကြောင့် ဘုရားသခင်သည် သူတို့ကို မသတီစရာတပ်မက်ခြင်းတို့သို့ ရောက်စေသည်၊ ထို့ကြောင့် သူတို့အမျိုးသမီးများသည်၊ ပုံမှန်ထုံးစံကို ပုံမှန်နှင့်ဆန့်ကျင်သောထုံးစံတို့သို့ ပြောင်းကြပါတော့သည်။ ၂၇ – ထို့အတူ ယောကျ်ားများသည်လည်း ပုံမှန်ထုံးစံ အမျိုးသမီးနှင့်ဆက်ဆံခြင်းကို ထားခဲ့ကာ၊ ယောကျ်ားအချင်းချင်းသို့ တပ်မက်ခြင်းမီးလောင်ကျွမ်းကြပါတော့သည်၊ ယောကျ်ားနှင့်ယောကျ်ား မပြုအပ်သောအရာကို ပြုကြတော့သည်၊ သူတို့၏အမှားများနှင့်သင့်တော်လှသော ပေးဆပ်ခြင်းများကို ခံကြရတော့သည်။ ၂၈ – မိမိတို့၏အသိပညာထဲတွင် ဘုရားသခင်ကို မသိမှတ်ချင်ကြတော့သဖြင့်၊ ဘုရားသခင်သည် သူတို့ထံ ငြင်းပယ်ခံရခြင်းစိတ်သဘောကို ပေးအပ်ပါတော့သည်၊ မတော်လျော်သောအပြုအမူများကို ပြုလုပ်ကြရန်ဖြစ်သည်။ ၂၉ – အားလုံးသောမဖြောင့်မတ်ခြင်းများ၊ မတရားသာမေထုန်မှီဝဲခြင်းများ၊ ဆိုးယုတ်ခြင်းများ၊ တပ်မက်လောဘစိတ်များ၊ မလိုတမာစိတ်များနှင့် ပြည့်ဝကြလျှက်၊ မနာလိုခြင်းအပြည့်၊ လူသတ်ခြင်း၊ ငြင်းခုံခြင်း၊ လိမ်ညာခြင်း၊ အပုတ်ချခြင်း၊ အတင်းပြောခြင်းများနှင့် ပြည့်ဝနေကြပါသည်။ ၃၀ – နောက်ကွယ်တွင် မကောင်းပြောသူများ၊ ဘုရားသခင်ကိုမုန်းသူများ၊ သူတပါးကိုအထင်သေးသူများ၊ မာနကြီးသူများ၊ ကြွားဝါသူများ၊ ဆိုးညစ်ခြင်းများကို တီထွင်ကြသူများ၊ မိဘတို့ကိုမနာခံကြသူများ ဖြစ်လာကြပါသည်။ ၃၁ – နားလည်ခြင်း မရှိကြသူများ၊ ပဋိညာဉ်ချိုးဖြတ်သူများ၊ ပုံမှန်ချစ်ခြင်းမရှိကြသူများ၊ မကျေချမ်းနိုင်ကြသူများ၊ သနားညှာတာခြင်း မရှိကြသူများဖြစ်လာကြသည်။ ၃၂ – ဘုရားသခင်၏တရားစီရင်ခြင်းကို သိသော်လည်း၊ ထိုသို့သောကျင့်ကြံပြုမူသူများသည် သေဒဏ်ကိုခံထိုက်ကြသည်ဟု သိကြသော်လည်း၊ ဆက်၍အသက်ရှင်ပြုမူကြသည်သာမက၊ ထိုသို့အခြားသူ များပြုမူကြခြင်း၌လည်း သဘောကျနှစ်သက်သူများဖြစ်လာကြပါသည်။